# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၅)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum-2025) သို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum-2025) သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် အပါအဝင် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှ သည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေရရှိစေရန် ရေလှည့်စနစ်ဖြင့် ဖြန့်ဝေ



ပွင့်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာ ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် စိုက်ပျိုးထားရှိသော မိုးစပါးသီးနှံ အပါအဝင် အခြားမိုးသီးနှံစိုက်ခင်းများအား စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရေး မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် ရေလက်တံမြောင်းများကို ရေလှည့်စနစ်ဖြင့် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မိုးသီးနှံစိုက်ခင်းများအား စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရေးအတွက် ရေလှည့်စနစ်ကျင့်သုံး၍ ဖြန့်ဝေပေးရာတွင် မင်းဘူး၊ ပွင့်ဖြူနှင့်


*စာမျက်နှာ ၄ ကော်လံ ၁* ❑





ယနေ့ *ဖတ်စရာ*

လေဖိအားနည်းရပ်ဝန်း အားလျော့သွားနိုင် — ပြည်တွင်းသတင်း — စာ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း — စာ ၅

နောင်ချိုမှာ ပွင့်လန်းလာသည့် ပညာပန်း — တွေ့ဆုံမေးမြန်း — စာ ၁၀

တူကီယဲ၌ ဆိုက်ဘာ ရာဇဝတ်မှုနှင့် လိမ်လည်မှုများကို ဖြိုခွင်းနှိမ်နင်း — နိုင်ငံတကာသတင်း — စာ ၁၄

ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်မည် — ပြည်တွင်းသတင်း — စာ ၁၈

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)ကို လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်ရေနံအခြေစိုက်စခန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကုန်းတွင်းနှင့် ကမ်းလွန်ရေနံမြေများ၏ လက်ရှိ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိသော ဆိုက်စမစ်အချက်အလက်များကို ဘူမိရူပဆန်းစစ် အကဲဖြတ်ခြင်း ဆောင်ရွက်နေမှုနှင့် ကမ်းလွန်ရေနံအခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

### အလေးထားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသလို ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် များစွာ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်အရင်းအမြစ် အမျိုးမျိုးကို အသုံးပြုလျက်ရှိသော်လည်း နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုအချိုး (Energy Mix)တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ရေအားနှင့် သဘာဝဓာတ်ငွေ့များကို အဓိကအသုံးပြုနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ကဏ္ဍ၊ တစ်နည်းအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရတနာ၊ ဇော်တိက၊ ရဲတံခွန်နှင့် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းကြီး လေးခုတို့မှ သဘာဝဓာတ်ငွေ့များ ထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် ပြည်တွင်းသုံးအဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ CNG သုံးမော်တော်ယာဉ်များ၊ စက်ရုံအလုပ်ရုံများအတွက်လည်း သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် စီမံကိန်းကြီးများဖြစ်ပါကြောင်း။

သို့ရာတွင် အဆိုပါ စီမံကိန်းကြီးများသည် သက်တမ်းကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သည့်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်သဖြင့် စီမံကိန်းအသစ်များ ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရန် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများအား လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိခဲ့သော ဆိုက်စမစ်အချက်အလက်များ ဘူမိရူပဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိက ရေနံတူးဖော်ခြင်းလုပ်ငန်းများအား နည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရေနံလက်ယက်တွင်းလုပ်ငန်းများအစား နည်းစနစ်ကျတွင်း (Standard Well)များ ဖြစ်ပေါ်လာစေရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သည် စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသုံး ပစ္စည်းများအား လက်ခံသိုလှောင်၍ ကုန်းတွင်း၊ ကမ်းလွန်လုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးနေသည့် အရေးပါသော ထောက်ပံ့ရေးစခန်းတစ်ခုဖြစ်သဖြင့် ပစ္စည်းများစနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊ မီးဘေးလုံခြုံရေးနှင့် စခန်းလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ကမ်းလွန်ရေနံ အခြေစိုက်စခန်းရှိ ဝန်ထမ်းများအတွက် အမှတ်တရသစ်သီးခြင်း ပေးအပ်သည်။

ထို့နောက် ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)အတွင်းရှိ ဂိုဒေါင်များအတွင်း ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ တွင်းထိန်းဘိလပ်မြေဓာတ်ခွဲစမ်းသပ်ခန်းအတွင်း သတ်မှတ်စံနှုန်းနှင့်အညီ တွင်းထိန်းဘိလပ်မြေ အဆင့်ဆင့်စမ်းသပ်ဆောင်ရွက်နေမှု၊ ရေလုံသင်္ဘောကျင်းတွင် သင်္ဘောများလွန်းတင်ပြင်ဆင်နေမှု၊ သာကေတဆိပ်ခံတံတား လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်၊ လုပ်ကွက်များသို့ လိုအပ်သည့်ပစ္စည်းများ ပို့ဆောင်ပေးရာတွင် အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ကြရန်၊ သင်္ဘောများကို လွန်းတင်ပြင်ဆင်ခြင်းလုပ်ငန်း ဇယားရေးဆွဲ၍ ပြုပြင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် စံသတ်မှတ်ချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်

**မြဝတီ စက်တင်ဘာ ၂၃**

မြဝတီမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းနေကြာ စိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



၂၀၂၆ ခုနှစ် မြဝတီမြို့နယ်အတွင်း ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။(**အပေါ်ပုံ**)

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

ဦးစွာ မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က တောင်သူများအား နေကြာစိုက်ပျိုးမှုအပေါ် ရှင်းလင်းပြောကြားကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်က နေကြာစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဦးစီးအရာရှိ ဦးသန်းရွှေက နေကြာစိုက်ပျိုးမည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ -

# လေဖိအားနည်းရပ်ဝန်း အားလျော့သွားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်း- ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီးနောက် ၂၄ နာရီအတွင်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၃**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များက virtual ဖြင့် တက်ရောက်ကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

အစည်းအဝေးတွင် ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီ သုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်း ဈေးကွက်ဆိုင်ရာ သတင်းအချက်များကို တောင်သူများထံ အချိန်မီရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် (၁/၂၀၂၃)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ ဝါ၊ ရော်ဘာ၊ ဆီအုန်းသီးနှံများအထွက်နှုန်း တိုးတက်ရေး အပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့ အစည်းအဝေးတွင် သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန် ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လှိုင်ကော်မြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး အခြေခံသင်တန်းဆင်း

**လှိုင်ကော် စက်တင်ဘာ ၂၃**

ကယားပြည်နယ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ယခုသင်တန်းဆင်းပြီး ECCD လက်မှတ်ရဆရာမများအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်များကို မှန်ကန်သောပြုစုပျိုးထောင်နည်းတို့ကို သင်ကြားရရှိထားပြီးဖြစ်ရာ မိမိတို့သက်ဆိုင်ရာနယ်ပယ်အလိုက် ပြည်နယ်အတွင်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်၍ များစွာအကျိုး သက်ရောက်စေမည်ဖြစ်ကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကလေးသူငယ်များအား သင်ကြားပေးရသော မူကြိုဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဆရာမတစ်ယောက်တွင် အလိုအပ်ဆုံး အရည်အချင်းသည် ကလေးဂရုစိုက်တတ်ခြင်းနှင့် ကလေးငယ်များ၏ အပြုအမူအတိုင်း နားလည်ပေး၍ လိုချင်သည့်အပြုအမူ ဖွံ့ဖြိုးမှုဆီရောက်အောင် စည်းရုံးသင်ကြားသွားရမည်ဖြစ်ကြောင်း စသည်ဖြင့် အမှာစကား ပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။(**ဝဲပုံ**)

**ကိုတွတ်(ပြန်/ဆက်)**

❑ *ရှေ့ဖုံးမှ*

စလင်းမြို့နယ်များသို့ ရေပေးဝေမှု ပိုမိုထိရောက်စေရန်အတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို မြောက်မုန်းမြောင်းမကြီး(သာဂရ) အောက်ပိုင်း ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို ရေလှည့် လေးရက်၊ မြောက်မုန်းမြောင်းမကြီး(သာဂရ) အထက်ပိုင်း ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို ရေလှည့် သုံးရက်ဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို ရေပေးဝေမှုတွင် လက်တံမြောင်း (၂၊၄၊၁၃၊၁၄၊၁၅)တွင် ရေလှည့် ငါးရက်၊ လက်တံမြောင်း(၇၊၈)တွင် ရေလှည့် သုံးရက်၊ လက်တံမြောင်း(၄-က နှင့် ၉၊ ၁၁)တွင် ရေလှည့်သုံးရက်၊ လက်တံမြောင်း(၆)တွင် ရေလှည့် သုံးရက်ဖြင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများ အပြည့်အဝရရှိအောင် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည်။

**စနစ်တကျ ဖြန့်ဝေပေးလျက်ရှိ**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ဇွန် ၂၀ ရက်မှစတင်၍ ဆည်ရေဖြန့်ဝေပေးခဲ့ကြောင်း၊ ထိုသို့ ဖြန့်ဝေရာ၌ မိုးသီးနှံစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရန် ရေလှည့်စနစ်ကျင့်သုံးပြီး စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်ပြီးစီးမှုတွင် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာရှိ ပွင့်ဖြူ၊ မင်းဘူးမြို့နယ်၌ ၃၄၉၁၉ ဧကနှင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာရှိ ပွင့်ဖြူ၊ စလင်းမြို့နယ်တွင် ၃၉၈၉၅ ဧက စုစုပေါင်း မိုးစပါးသီးနှံ ၇၄၈၁၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းထံမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပင်လောင်းမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**ပင်လောင်း စက်တင်ဘာ ၂၃**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ပင်လောင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမြင့်က သမဝါယမ၏ လုပ်ငန်းပိုင်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုင်းအေးလှိုင်က မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများ၊ တိရစ္ဆာန်များမှ ဖြစ်ပေါ်တတ်သည့် ရောဂါလက္ခဏာများနှင့် ပတ်သက်သည့် ကုသရေးဆိုင်ရာများအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပင်လောင်းကြီးကျေးရွာအုပ်စု လွယ်မွန်းခမ်း လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ



ပင်လောင်းကြီးကျေးရွာနှင့် နမ့်ပါကျေးရွာ ကျေးရွာချင်းဆက်လမ်းပေ ၉၀၀ ကွန်ကရစ်လမ်းခင်းကျင်းနိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌ ဦးစိုင်းတင်ထွန်းက ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကြံခင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကြံခင်း စက်တင်ဘာ ၂၃**

ကြံခင်းမြို့နယ် ကြို့ပင်စုအုပ်စု ထန်းပင်ခုံရွာ ရွှေဘုန်းပွင့်ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီက ကြို့ပင်စုအုပ်စုရှိ ဒေသခံပြည်သူများအား စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးစသည့် အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြသခြင်းကို တာဝန်ရှိသူများက ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဆောင်ရွက်ရခြင်းအကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းဝင်းမြင့်က ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**နေပြည်တော် စက်တင်ဘာလ ၂၃ ရက်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ၈ - ၉ - ၂၀၂၅ ရက်နေ့မှ ၂၂ - ၉ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အမည်စာရင်းတင်သွင်းခဲ့ကြရာ နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၉၆၃ ဦး အမည်စာရင်း တင်သွင်းခဲ့ကြပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီ၊ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | | တိုင်း/ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး | |
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆၅ | ၁၅၆ | ၅၆၉ | ၂၈ | ၁၀၁၈ |
| ၂ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | ၁၈၂ | ၁၁၁ | ၃၈၇ | ၁၄ | ၆၉၄ |
| ၃ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃ | ၁၄၅ | ၃၂၀ | ၁၄ | ၆၇၂ |
| ၄ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅ | ၅၅ | ၂၄၃ | ၅ | ၄၂၈ |
| ၅ | ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၁၅၉ | ၇၆ | ၃၄၁ | ၈ | ၅၈၄ |
| ၆ | ပြည်သူ့ပါတီ | ၁၅၂ | ၇၃ | ၂၇၈ | ၉ | ၅၁၂ |
| ၇ | တိုင်းဒေသကြီး/ ပြည်နယ်တစ်ခု အတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီ | ၂၀၃ | ၂၁၃ | ၅၂၅ | ၁၉ | ၉၆၀ |
| ၈ | တစ်သီးပုဂ္ဂလ | ၅၁ | ၃ | ၃၃ | ၈ | ၉၅ |
| | စုစုပေါင်း | ၁၃၃၀ | ၈၃၂ | ၂၆၉၆ | ၁၀၅ | ၄၉၆၃ |

အဆိုပါ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုများကို ၂၃ - ၉ - ၂၀၂၅ ရက်နေ့မှ ၄ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခဲ့ကြသည့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီး၌ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်များတွေ့ဆုံပွဲ တက်ရောက် အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်ပေးနိုင်ရေး ကြိုးစား

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး(ယာပုံ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများ ထွန်းကားရန်အရေးကြီးပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်အနေဖြင့် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်ကောင်းမွန်စေရေး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေး၊ ထုတ်လုပ်မှုစရိတ်များလျှော့ချနိုင်ရေး၊ စွမ်းအင်ချွေတာသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို နည်းလမ်းရှာဖွေ၍ ပူးပေါင်းပါဝင် မြှင့်တင်ဆောင်ရွက်စေလိုကြောင်း။

ထို့ပြင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးခြင်း၊ နည်းပညာများရရှိအောင် စီမံပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် နာယကကြီးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ရေရှည်လည်ပတ်ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ အသင်းချုပ်၌ လူငယ်မျိုးဆက်သစ်အင်ဂျင်နီယာများ ပါဝင်ဖွဲ့စည်းရေး၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ အသိပညာဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မကွေးမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**မကွေး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးပွားရေး စီမံကိန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထူးချွန်သင်တန်းသူ ၁၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့်လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## မိုးညှင်းမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**မိုးညှင်း စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းလွန်(အရှေ့စု)ကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာမူလတန်းလွန်(အရှေ့စု)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမော်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက လူငယ်စကားဝိုင်းနှင့် အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ဟောပြောခဲ့သည်။

ရွှေမိုးညှင်း

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကမ္ဘာ့မုတ်သုံရာသီနှင့် အနာဂတ်

**ဒေါက်တာကျော် (မိုးလေဝသကျောင်း)**

မုတ်သုံရာသီဥတုသည် ကမ္ဘာ့ရာသီဥတုစနစ် အမည်နာမများအကြား ထင်ရှားသော အမည်တစ်ခု ဖြစ်သည်။ မုတ်သုံ (Monsoon) ဟူသော ဝေါဟာရသည် အာရပ်စကား 'mausim' မှ ဆင်းသက်လာပြီး "ရာသီ"ဟု အဓိပ္ပာယ်ရပါသည်။


**မိုးရွာသွန်းမှုဖြစ်စဉ်ကို ညွှန်းဆို**

အဆိုပါ မုတ်သုံဆိုသည်မှာ မိုးလေဝသဖြစ်စဉ်အရ ပြောရမည်ဆိုလျှင် ရာသီအလိုက် တိုက်ခတ်သောလေနှင့် အဆိုပါလေမှ သယ်ဆောင်လာသော ရေငွေ့တိမ်တိုက်များမှ မိုးရွာသွန်းမှုဖြစ်စဉ်ကို ညွှန်းဆိုခြင်းပင်ဖြစ်ပါသည်။ နေ့စဉ် သို့မဟုတ် သီတင်းပတ်အလိုက် ဖြစ်ပေါ်လေ့ရှိသော သာမန်မိုးလေဝသဖြစ်စဉ်များ နှင်းကျခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည်တို့နှင့်မတူဘဲ မုတ်သုံစနစ်သည် နှစ်စဉ်ရာသီအလိုက် ပုံမှန်အချိန်မှန်ဖြစ်ပေါ်နေပြီး ကမ္ဘာ့အပူပိုင်းအီကွေတာရပ်ဝန်းနှင့် အီကွေတာမှ တောင်/မြောက်သမပိုင်း ဒေသများအထိ သက်ရောက်မှုရှိသည်ကို တွေ့ရပါသည်။

မုတ်သုံ၏ ထင်ရှားသောလက္ခဏာမှာ ရာသီအလိုက် လေတိုက်ခတ်ပုံ ပြောင်းလဲခြင်းဖြစ်ပြီး ယင်းကြောင့် နေရာဒေသအလိုက် မိုးရွာသွန်းမှုပုံစံများ ကြီးမားစွာ ပြောင်းလဲသွားစေသည်ကို တွေ့နိုင်ပါသည်။ ဥပမာ – တောင်လေတိုက်သော ဇွန်၊ ဇူလိုင် ဩဂုတ်လများတွင် ကမ္ဘာ့မြောက်ခြမ်းဒေသများအတွက် ပင်လယ်မှတိုက်ခတ်လာသော အရှေ့တောင် မုတ်သုံလေကြောင့် ရေငွေ့ရရှိကာ မိုးရွာသွန်းခြင်းများ ဖြစ်ပေါ်သော်လည်း ကမ္ဘာ့တောင်ဘက်ခြမ်း ဩစတြေးလျတိုက် အနောက်မြောက်ဘက်ခြမ်းတွင် ကုန်းတွင်းပိုင်းမှလာသော အေးမြခြောက်သွေ့သည့် အရှေ့တောင်လေများကြောင့် အေးမြခြောက်သွေ့သော ရာသီဥတုကိုသာ ဖြစ်ပေါ်စေနိုင်သည် (ပုံ–၁)။

ဤပြောင်းလဲမှုများသည် တိုက်ကြီးများတစ်လျှောက် စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် ရေရရှိနိုင်မှုကိုသာမက teleconnection ဟုခေါ်သော ကမ္ဘာ့ရာသီဥတုစက်ဝန်းဖြစ်စဉ်များကိုပါ ဖြစ်ပေါ်စေပါသည်။ မုတ်သုံရာသီဥတုသည် ကမ္ဘာ့စားရေရိက္ခာဖူလုံရေး၊ စွမ်းအင်ထောက်ပံ့ရေး၊ ဂေဟစနစ်များနှင့် ကမ္ဘာ့ရေစက်ဝန်းအပေါ် သက်ရောက်မှုရှိသည်ကိုလည်း အများသိရှိပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့မုတ်သုံစနစ်သည် အာရှသို့မဟုတ် အာဖရိကတို့တွင်သာရှိသော ဒေသဆိုင်ရာ ရာသီဥတုဖြစ်စဉ်တစ်ခုမျှမဟုတ်ဘဲ ကမ္ဘာ့တိုက်ကြီးများအားလုံးရှိ မိုးရွာသွန်းမှုရှိသော ဒေသများကို တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေးထားသည့် ကမ္ဘာလုံးဆိုင်ရာ လေကြောင်းလှည့်ပတ်မှုစနစ်ကြီးတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိုးခေါင်ရေရှားမှုနှင့် ရေကြီးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကို ကြိုတင်ခန့်မှန်းရန်၊ ရေအရင်းအမြစ်များ စီမံခန့်ခွဲရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအကျိုးဆက်များကို မျှော်မှန်းရန် မုတ်သုံရာသီနှင့် လေတိုက်ခတ်မှုစနစ်များကို နားလည်သိရှိထားရန် မဖြစ်မနေ လိုအပ်ပါသည်။



ပုံ(၁)

မုတ်သုံဆိုင်ရာ သိပ္ပံနည်းကျလေ့လာမှုများကို ၁၉ ရာစုနှောင်းပိုင်းကာလ၊ အိန္ဒိယနိုင်ငံရှိ စိုက်ပျိုးရေးစီမံကိန်းများအတွက် မုတ်သုံမိုးကို ကြိုတင်ခန့်မှန်းလိုသော ဗြိတိသျှတို့သည် သိပ္ပံပညာရှင်များကို တာဝန်ပေးလေ့လာစေခဲ့သည်။ အစောဆုံးမှတ်တမ်းအဖြစ် Henry Blanford ဆိုသော ပညာရှင်က ၁၈၈၉ ခုနှစ်တွင် ဟိမဝန္တာတောင်တန်းများပေါ်ရှိ ဆီးနှင်းများဖုံးလွှမ်းနေမှုနှင့် အိန္ဒိယနိုင်ငံအပေါ် မုတ်သုံမိုးများရွာသွန်းမှုတို့အကြား ဆက်နွှယ်မှုကို စတင်လေ့လာမှတ်တမ်းတင်ခဲ့သည်ကိုတွေ့ရပါသည်။

Henry စတင်တီထွင်ဆန်းသစ်ခဲ့သော သိပ္ပံနည်းကျ ရာသီဥတုဖြစ်စဉ်လေ့လာမှုများသည် မုတ်သုံပြောင်းလဲမှုနှင့် ခန့်မှန်းခြင်းဆိုင်ရာ နောက်ထပ်လေ့လာမှုများအတွက် စတင်တံခါးဖွင့်ပေးခဲ့သည်။ ၁၉၃၉ နောက်ပိုင်းတွင် K. R. Ramanathan က အိန္ဒိယ မုတ်သုံရာသီဥတုဆိုင်ရာ ရူပဗေဒဆိုင်ရာအခြေခံယူဆချက်များကို ဖော်ထုတ်ပေးခဲ့ပါသည်။

**မြန်မာမုတ်သုံစနစ်အတွက် ပထမဆုံးမှတ်တမ်း**

မြန်မာနိုင်ငံတွင် သိပ္ပံနည်းကျ လေ့လာမှုတစ်ခုအဖြစ် ၁၉၄၉ ခုနှစ်တွင် ဆရာကြီး ဒေါက်တာထွန်းရင်၏ "မြန်မာ့မုတ်သုံလေစတင်ဝင်ရောက်မှု၏ လေထုသိပ္ပံနှင့် ရာသီဥတုဆိုင်ရာ လက္ခဏာများကို ခွဲခြမ်းစိတ်ဖြာခြင်း" သိပ္ပံစာတမ်းသည် မြန်မာမုတ်သုံစနစ်အတွက် ပထမဆုံးမှတ်တမ်းအဖြစ် တွေ့ရှိရပါသည်။ ဤလေ့လာမှုမှတ်တမ်းသည် မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှရှိ ဒေသဆိုင်ရာ မုတ်သုံဖြစ်စဉ်များကို ဖော်ပြရန် အစောဆုံးကြိုးပမ်းမှုများထဲမှ တစ်ခုအဖြစ် ယနေ့အချိန်ထိ အရေးပါဆဲ သုတေသနစာတမ်းတစ်ခု ဖြစ်နေပါတော့သည်။

မုတ်သုံမည်သို့ဖြစ်ပေါ်လာသနည်း။ မုတ်သုံစနစ်သည် ကုန်းမြေနှင့် သမုဒ္ဒရာကြား မျက်နှာပြင်အပူချိန်ကွာခြားမှုမှတစ်ဆင့် ပေါ်ပေါက်လာပါသည်။ မြောက်ကမ္ဘာခြမ်းဒေသ၏ နေရောင်ခြည်တိုက်ရိုက်ကျရောက်သော မေလမှ စက်တင်ဘာလများအတွင်း ရူပဗေဒအခြေခံ သဘောတရားအရ ကုန်းမြေများက ကပ်လျက်ရှိသော သမုဒ္ဒရာများထက် ပိုမိုလျင်မြန်စွာ ပူနွေးလာကာ ကုန်းမြေ၏မြေမျက်နှာပြင်ပေါ်တွင် လေဖိအားနည်းရပ်ဝန်းများနှင့် ပိုအေးသောသမုဒ္ဒရာပေါ်တွင် လေဖိအားမြင့်မားသော လေဖိအားများရပ်ဝန်းနေရာများကို ဖန်တီးပေးပါသည်။

ဤမတူညီသော လေဖိအားစက်ကွင်း နှစ်ခု၏ လေထုဖိအားခြားနားမှုများကြောင့် လေသည် တောင်ဘက်သမုဒ္ဒရာများမှ စိုထိုင်းသော ပင်လယ်လေထုကို မြောက်ဘက်နွေးသော ကုန်းမြေများပေါ်သို့ ပို့ဆောင်တိုက်ခတ်ပါတော့သည်။ ထိုလေများသည် ကုန်းမြေမျက်နှာပြင်ပေါ်သို့ ရောက်သောအခါ အထက်သို့ဆက်လက်မြင့်တက်သွားကာ တိမ်ထုများဖြစ်ပေါ်လာပြီး မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေခြင်းဖြင့် မုတ်သုံမိုးများကို ကျွန်တော်တို့အား ရရှိခံစားစေပါသည်။ ဆောင်းရာသီဖြစ်သော ဒီဇင်ဘာလမှ ဖေဖော်ဝါရီလများတွင် ဤဖြစ်စဉ်၏ ပြောင်းပြန်ဖြစ်ပေါ်ပါသည်။

ဆောင်းရာသီတွင် ကုန်းမြေသည် သမုဒ္ဒရာထက် ပိုမိုလျင်မြန်စွာ အေးမြသွားပြီး လေများက ပင်လယ်ဘက်သို့ တိုက်ခတ်ကာ ကုန်းမြေဒေသများတွင် ခြောက်သွေ့သော အခြေအနေများကို ဖြစ်ပေါ်စေခြင်းသည် အရှေ့တောင်မုတ်သုံလေနှင့် အရှေ့မြောက်မုတ်သုံလေတို့ လှည့်ပတ်တိုက်ခတ်လျက်ရှိသော ကျွန်တော်တို့ အရှေ့တောင်အာရှ မုတ်သုံစနစ်၏ အခြေခံအချက်ပင်ဖြစ်ပါသည်။ ထို့ပြင် ဟိမဝန္တာတောင်တန်းများနှင့် တိဘက်ကုန်းပြင်မြင့်ကဲ့သို့သော မြင့်မားရှည်လျားသော မြေမျက်နှာသွင်ပြင်လက္ခဏာများသည်လည်း တောင်ဘက်မှလာသောလေများ မြောက်ဘက်သို့ ခရီးမဆက်နိုင်အောင် အတားအဆီးတစ်ခုအဖြစ် ဆောင်ရွက်ပြီး အထက်သို့ မြန်မြန်မြင့်တက်စေခြင်းဖြင့် မုတ်သုံမိုးရွာသွန်းမှုများကို ပိုမိုအားကောင်းစေပါသည်။ ဥပမာ မြန်မာနိုင်ငံ မြစ်ကြီးနား/ပူတာအိုဒေသများ မိုးတွင်းကာလ မိုးကောင်းခြင်းနှင့် တစ်နှစ်ပတ်လုံးမိုးရရှိနေခြင်းတို့မှာ အဆိုပါ တောင်တန်းများ၏ သက်ရောက်မှုပင် ဖြစ်ပါသည်။

မုတ်သုံစနစ်သည် ရာသီမှန်အချိန်မှန် ပုံမှန်ဖြစ်ပေါ်နေလေ့ရှိသော်လည်း ၎င်း၏ လေတိုက်ခတ်မှု၊ မိုးရွာသွန်းမှုပုံစံနှင့် မိုးရေချိန်များသည် ပုံမှန်ဖြစ်ပေါ်နေသည် မဟုတ်ပါ။ မုတ်သုံရာသီအတွင်း မုတ်သုံလေ၏ပြင်းအားအတက်အကျများစွာရှိပြီး မုတ်သုံအားကောင်းသော သို့မဟုတ် အားနည်းသော ကာလများအဖြစ် အစဉ်ပြောင်းလဲနေလေ့ ရှိပါသည်။ ဥပမာ မုတ်သုံအားကောင်းသောရက်များတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးနည်းနေတတ်ပြီး မုတ်သုံအားနည်းသောရက်များတွင် အဆိုပါ ဒေသများတွင် မိုးများနေတတ်ခြင်းတို့ကို အလွယ်တကူတွေ့မြင်နိုင်ပါသည်။ ဤမုတ်သုံအားအနည်း/အများ ဖြစ်စဉ်များသည် ကုန်းမြေ၊ ရေထုပေါ်ရှိလေထုဖိအားများအခြေအနေများ၊ Madden–Julian Oscillation (MJO) ကဲ့သို့သော အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အနောက်လေပွေလှိုင်းလှုပ်ရှားမှုများ၊ El Niño–Southern Oscillation (ENSO) နှင့် အိန္ဒိယသမုဒ္ဒရာ Dipole(IOD)ကဲ့သို့သော ကမ္ဘာ့ရာသီဥတု မောင်းနှင်အားစနစ်များနှင့် ဆက်စပ်နေသည်။

**စိန်ခေါ်မှုတစ်ရပ်အဖြစ် ကျန်ရှိ**

ဤရာသီဥတု ဒိုင်းနမစ်ဆိုင်ရာရှုပ်ထွေးမှုသည် ခေတ်အခြေအနေအရ ရာသီဥတုဆိုင်ရာ ကွန်ပျူတာနည်းပညာသုံးတွက်ချက်မှုများ မည်မျှပင် ခေတ်မီလာပါစေ မုတ်သုံရာသီအား ခန့်မှန်းချက်များထုတ်ပြန်ရာတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကျန်ရှိနေရသည့် အဓိကအကြောင်းရင်းတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

ကမ္ဘာပေါ်တွင် မုတ်သုံစနစ်ပုံမှန်ဖြစ်ပေါ်သည့် အဓိကဇုန် လေးခု ရှိပါသည်။

၁။ **အာရှ သို့မဟုတ် တောင်အာရှနှင့် အရှေ့အာရှ မုတ်သုံဇုန်**။ ဤဇုန်သည် အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ တရုတ်နှင့် ဂျပန်အထိ ကျယ်ပြန့်သည်။

၂။ **အာဖရိက မုတ်သုံဇုန်**။ အာဖရိကတိုက် အနောက်ပိုင်းနှင့် ဆာဟာရသဲကန္တာရ၏ ဒေသအချို့တွင် ဖြစ်ပေါ်သည်။

၃။ **မြောက်အမေရိက မုတ်သုံဇုန်** ။ အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်းနှင့် မက္ကဆီကိုနိုင်ငံအထိ သက်ရောက်မှုရှိသည်။

၄။ **ဩစတြေးလျ မုတ်သုံဇုန်** ။ ဩစတြေးလျတိုက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ပါသည်။

ကမ္ဘာပေါ်ရှိမုတ်သုံဇုန်များအနက် တောင်အာရှမုတ်သုံစနစ်သည် အကြီးမားဆုံးနှင့် သက်ရောက်မှုအပြင်းထန်ဆုံးဇုန်ဖြစ်ပါသည်။ တောင်အာရှ မုတ်သုံဇုန်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများတွင် ဖြစ်ပေါ်သော အိန္ဒိယနွေမုတ်သုံ (Indian Summer Monsoon)၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်သော အင်ဒိုချိုင်းနားအနောက်တောင်မုတ်သုံ (Mainland Indochina Southwest Monsoon), တရုတ်၊ ဂျပန်၊ ကိုရီးယားတို့တွင် ဖြစ်ပေါ်သော အရှေ့အာရှနွေမုတ်သုံ (East Asian Summer Monsoon)၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းတို့တွင်ဖြစ်ပေါ်သော အနောက်မြောက် ပစိဖိတ်နွေမုတ်သုံ(West North Pacific summer monsoon) ဟူ၍ လေတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများအလိုက် မုတ်သုံစနစ်ငယ်များကို ထပ်မံခွဲ၍ တွေ့ရှိနိုင်ပေသည်။

❖ **ကမ္ဘာ့မုတ်သုံစနစ်သည် အပူပိုင်းအီကွေတာရပ်ဝန်းနှင့် ၎င်းရပ်ဝန်းအလွန် သမပိုင်းဒေသများရှိ နှစ်စဉ်မိုးရေချိန်၏ သုံးပုံနှစ်ပုံခန့်သော မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ကမ္ဘာ့မုတ်သုံစနစ်၏ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဒေသအလိုက် ရာသီဥတုများအပေါ် သက်ရောက်မှုများကြောင့် မုတ်သုံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အတွက် စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်များကို ထောက်ပံ့ပေးနေပြီး လူသားထု လေးပုံသုံးပုံ၏ ကူးသန်းရောင်းဝယ်ရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ကူညီထောက်ပံ့ပေးလျက်ရှိ**

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၉၅
ရက်
သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ထန်းတပင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လက်တွေ့စမ်းသပ်မဲပေး

**ထန်းတပင်(ပဲခူး) စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာခန်းမ၌ကျင်းပရာ မဲဆန္ဒရှင်ပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးသက်ဦးဟန်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံနှင့်ပတ်သက်၍ မဲပေးပုံ၊ မဲရရှိမှုရလဒ်များအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းအလိုက် မဲပေးပုံ၊ မဲထည့်နည်းတို့ကို လက်တွေ့ပြုလုပ်ဆောင်ရွက်ပြီး မဲရလဒ်တွက်ချက်မှုအခြေအနေများအား လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


*စာမျက်နှာ ၆ မှ*

တောင်အာရှမုတ်သုံစနစ်သည် ရာသီအလိုက် လေဦးတည်ရာအရပ် ဆန့်ကျင်ဘက် ပြောင်းလဲတိုက်ခတ်ခြင်းအပေါ် လုံးဝအခြေခံပြီး နွေရာသီမုတ်သုံနှင့် ဆောင်းရာသီမုတ်သုံဟူ၍ အဓိကရာသီနှစ်မျိုးတွေ့ရှိရပါသည်။ ကမ္ဘာ့မြောက်ခြမ်းနွေရာသီ (မြန်မာနိုင်ငံတွင် မိုးတွင်းကာလ) တွင် အာရှတိုက်ကြီး ပူပြင်းလာသည်နှင့်အမျှ ဖြစ်ပေါ်လာသော လေဖိအားနည်းရပ်ဝန်းဆီသို့ အနောက်တောင်ဘက်ရှိ အိန္ဒိယသမုဒ္ဒရာမှ စိုထိုင်းသောလေများ စီးဝင်ကာ မေလမှ စက်တင်ဘာလအတွင်း မိုးများကို ရွာသွန်းစေပါသည်။ ဆောင်းရာသီရောက်သောအခါတွင်မူ အရှေ့မြောက်ဘက်ကုန်းမြေ၏ လေဖိအားများရပ်ဝန်းမှ ခြောက်သွေ့သောလေများ ပင်လယ်ဆီသို့ တိုက်ခတ်သွားသည့် အရှေ့မြောက်မုတ်သုံလေကြောင့် အောက်တိုဘာလမှ မတ်လအတွင်း ကျန်လများထက် မိုးနည်းသွားလေ့ရှိပါသည်။

### မုတ်သုံမိုးရွာသွန်းမှုပုံစံ များစွာကွဲပြား

မြန်မာနိုင်ငံသည် ဤတောင်အာရှမုတ်သုံဇုန်၏ အင်ဒို-ချိုင်းနားအနောက်တောင်မုတ်သုံရပ်ဝန်း၏ သက်ရောက်မှုအတွင်းတွင် ကျရောက်နေသော်လည်း နိုင်ငံ၏ပထဝီဝင်တည်နေရာနှင့် မြေမျက်နှာသွင်ပြင်ကွဲပြားမှု တစ်နည်းအားဖြင့် တောင်/မြောက် ရှည်လျားခြင်းနှင့် တောင်တန်း/မြေပြန့် တည်နေပုံအနေအထားတို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မုတ်သုံမိုး ရွာသွန်းမှုပုံစံများစွာ ကွဲပြားသည်ကို တွေ့နိုင်ပါသည်။

ရခိုင်ကမ်းရိုးတန်းဒေသသည် နွေမုတ်သုံလေ၏ သက်ရောက်မှုကို အများဆုံးခံရသော ဒေသဖြစ်ကာ ရခိုင်ရိုးမတောင်တန်းများသည်လည်း လေစိုထိုင်းဆ တစ်နည်းအားဖြင့် မိုးတိမ်များအား အတားအဆီးဖြစ်စေသောကြောင့် ရခိုင်ရိုးမအနောက်ဘက်ခြမ်းတစ်လျှောက် မိုးအလွန်အမင်းရွာသွန်းမှုကို ဖြစ်ပေါ်စေလေ့ရှိပါသည်။ သို့သော် အနောက်တောင်မုတ်သုံလေသည် တောင်တန်းကို အထက်မြင့်မှ ကျော်ဖြတ်ပြီးနောက် မြန်မာပြည်အလယ်ပိုင်းသို့ ရောက်ရှိလာသောအခါ ခြောက်သွေ့သွားကာ မိုးရွာသွန်းမှုပမာဏ အတော်အတန် နည်းပါးသွားတတ်သဖြင့် အဆိုပါဒေသများသည် အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသဟု အမည်တွင်နေခြင်းပင်ဖြစ်ပါတော့သည်။




အထူးသဖြင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အချို့သောဒေသများတွင် မိုးတွင်းကာလတွင်ပင် မိုးခေါင်ခြင်းများကို မကြာခဏ ကြုံတွေ့ရလေ့ရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီးကဲ့သို့သော နိုင်ငံ၏တောင်ဘက်စွန်းဒေသများတွင်မူ နွေရာသီအနောက်တောင် မုတ်သုံကြောင့်သာမက ဆောင်းရာသီ အရှေ့မြောက်မုတ်သုံလေကြောင့်ပါ မိုးရွာသွန်းနိုင်သဖြင့် မိုးရာသီကာလ ပိုမိုရှည်လျားပြီး မိုးပမာဏလည်း ပိုမိုများပြားလေ့ရှိသည်။

### ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ထောက်ပံ့ပေး

ကမ္ဘာ့မုတ်သုံစနစ်သည် အပူပိုင်းအီကွေတာရပ်ဝန်းနှင့် ၎င်းရပ်ဝန်းအလွန် သမပိုင်းဒေသများရှိ နှစ်စဉ်မိုးရေချိန်၏ သုံးပုံနှစ်ပုံခန့်သော မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ကမ္ဘာ့မုတ်သုံစနစ်၏ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဒေသအလိုက် ရာသီဥတုများအပေါ် သက်ရောက်မှုများကြောင့် မုတ်သုံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အတွက် စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်များကို ထောက်ပံ့ပေးနေပြီး လူသားထုလေးပုံသုံးပုံ၏ ကူးသန်းရောင်းဝယ်ရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။

ဂင်္ဂါ-ဗြဟ္မပုတ္တရ၊ ဧရာဝတီ-မဲခေါင်၊ ယန်စီနှင့် နိုင်ဂျာ စသော အဓိကမြစ်ဝှမ်းဒေသများ၏ ရေစက်ဝန်းသည် မုတ်သုံမိုးရွာသွန်းမှုနှင့် လုံးဝနီးပါး တိုက်ရိုက်သက်ဆိုင်နေပါသည်။ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတစ်လျှောက်ရှိ စိုက်ပျိုးရေးစနစ်များသည် မုတ်သုံစတင်ဝင်ရောက်မှု အချိန်ပေါ်မူတည် စိုက်ပျိုးလေ့ရှိသဖြင့် မုတ်သုံအား အနည်းအများအပေါ်လိုက်၍ မိုးခေါင်ရေရှားခြင်း သို့မဟုတ် ရေကြီးမှုဘေးအန္တရာယ်များ စသည်တို့ကြောင့် ကမ္ဘာ့စားရေရိက္ခာလုံခြုံမှုကို မကြာခဏ ခြိမ်းခြောက်ခံရလျက်ရှိပါသည်။

လက်ရှိနှစ်များအတွင်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်သော နောက်ဆက်တွဲ အစီအရင်ခံစာများအရ ကမ္ဘာ့မုတ်သုံစနစ်သည် အနာဂတ်တွင် ပိုမိုမှုမမှန် မတည်မငြိမ်ဖြစ်လာမည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ ရာသီဥတုပညာရှင်များ၏ ခန့်မှန်းချက်များအရ တောင်အာရှဒေသအများအပြားတွင် စုစုပေါင်းမိုးရေချိန် မြင့်တက်လာနိုင်သော်လည်း ယင်းမြင့်တက်မှုမှာ ပုံမှန်မြင့်တက်လာမျိုးခြင်းမဟုတ်ဘဲ အချိန်တိုအတွင်း မိုးရေချိန်များစွာရွာသွန်းမှုဖြစ်ရပ်များ ကြိမ်နှုန်းများလာခြင်း၊ မိုးခေါင်ခြောက်သွေ့သောကာလများ၏ ရှည်ကြာပြင်းထန်လာခြင်းနှင့် မုတ်သုံအဝင်အထွက် ရက်နှင့် ကာလများ ပြောင်းလဲလာနိုင်ကြောင်းကို ဖော်ပြနေပါသည်။ ဤပြောင်းလဲမှုများသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ် စသော ကမ္ဘာ့လူဦးရေအထူထပ်ဆုံးဒေသအချို့၏ စားရေရိက္ခာနှင့် ရေဖူလုံရေးကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် နောင်လာမည့် ကာလများအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ် ကျင့်သုံးသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအနေဖြင့် တောင်သူများမှစ၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံး လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ကြစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာ့အားမာန်စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှု၊ စာအုပ်အရောင်းဆိုင်များ၊ ဌာနဆိုင်ရာ ပြခန်းများကို လည်းကောင်း၊ ပြိုင်ပွဲအသီးသီး၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာ မြင်းမူမောင်နိုင်မိုးထံ ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များ(ယာဘုံ)အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူကြပြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "နှလုံးသားကို အလှဆင်ပါ"သီချင်းဖြင့်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် Great Lightကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "မြန်မာပြည်သား" တေးသရုပ်ဖော်ဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပညာရှင်များ၏ စာပေစကားဝိုင်း ဆွေးနွေးမှုကို ကြည့်ရှုအားပေးပြီး ပါဝင်ဆွေးနွေးသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများအတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်



**ကျိုက်လတ် စက်တင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးတင်ဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျိုက်လတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေရောအောင်ခန်းမ၌ မြို့နယ်အတွင်းရှိ ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က MEVM မဲပေးစက်အသုံးပြုခြင်းသည် မှန်ကန်ပြည့်စုံရိုးရှင်းပြီး စနစ်ကျသော မဲပေးသည့်စနစ်ဖြစ်ကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ မဲပေးစက်များ စနစ်တကျသယ်ယူကိုင်တွယ်စေရေး၊ ပထမအကြိမ် မဲစာရင်းကြေညာခြင်းလုပ်ငန်း အောင်မြင်စေရေးအတွက် လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိဒေါ်ပိုးဒါလီက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့ တက်ရောက်ကြသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ၊ သိလိုသည်များကို အကြံပြု ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေဖူလုံစွာရရှိရေးနှင့် လျာထားစိုက်ဧကများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကြိုးပမ်း



**နေပြည်တော် စက်တင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလ်မိုလ်ကျော်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၅) စခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်းလင်းကျေးရွာအုပ်စုရှိ နမ့်ပေါင်းလင်း ရေလွှဲဆည် ရေသောက်စနစ် လက်ဝဲမြောင်းမကြီး (ပေတိုင် ၀ မှ ၁၈၀၀၀)နှင့် လက်တံမြောင်း(၁) သဲနုန်းတူးဖော် ပြုပြင်ခြင်းလုပ်ငန်းနှင့် နမ့်ခုတ်ကျေးရွာအုပ်စုရှိ နမ့်မဲသာရေလွှဲဆည် ဆည်ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တူးမြောင်းစနစ်၏ မူလသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံအတိုင်း စနစ်တကျ ဆောင်ရွက်ရန်၊ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ ရေလုံလောက်စွာ ပေးဝေနိုင်ရေး၊ ရေလွှဲဆည် ရေရှည်ကြံ့ခိုင်စေရေး၊ ဆည်ရေပေးဝေမှုစနစ် ကောင်းမွန်စေရေး အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် ဟိုပုံးချိုင့်ဝှမ်းအတွင်းရှိ နမ့်တဘက်ချောင်း ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့မရေလွှဲဆည် ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ဟိုနမ့်ရေလွှဲဆည် (ရေထွက်ကြီး) အထွေထွေ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝရေထွက်၏ ရေထွက်နှုန်းအား စဉ်ဆက်မပြတ် တိုင်းတာစစ်ဆေးရန်နှင့် ရေထွက်နှုန်းလျော့ကျမှုမရှိစေရေး သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်ရှိ ကျိုးဖြူကန်ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် ကလောမြို့နယ်ရှိ ဟဲဟိုးကန် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်ကန်နှင့် ဆက်စပ်ရေအားအဆောက်အအုံများ၊ ရေတံခါးပိတ်ခြင်း ဖွင့်ခြင်းများကို ရေလှောင်ကန်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်၊ ကန်များအတွင်း ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေး၊ လျာထားစိုက်ပျိုးမြေဧရိယာအား ရေလုံလောက်စွာပေးဝေနိုင်ရေး၊ ဆည်ရေသောက်ဧရိယာများအတွင်း သီးထပ်စွမ်းအားတိုးမြှင့်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးငွေပေးအပ်

**မော်လမြိုင် စက်တင်ဘာ ၂၃**

မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တက်ရောက်သည်။




**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ သုံးခု၊ အမျိုးသမီးဂေဟာ တစ်ခုတို့အတွက် ငွေကျပ် ၆၆ ဒသမ ၂၈ သန်း၊ ဘိုးဘွားရိပ်သာလေးခုတို့အတွက် ငွေကျပ် ၁၃ ဒသမ ၂၆၀ သန်း၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၈၆ ကျောင်းအတွက် ငွေကျပ် ၉၁ ဒသမ ၁၆၀ သန်းနှင့် လူငယ်ရိပ်သာတစ်ခုအတွက် ငွေကျပ် တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား တောင်ဝိုင်းဘိုးဘွားရိပ်သာမှ အတွင်းရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ပြည်နယ်၏ဖွံ့ဖြိုးမှု၊ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုရှေးရှုပြီး ကြုံတွေ့ရသည့်အခက်ခဲများကို မိမိတို့ဘက်မှ တတ်စွမ်းသမျှဖြည့်ဆည်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်စေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးကြရန်၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍများအလိုက် အကောင်းဆုံးဖြစ်အောင် ပါဝင်ကူညီဆောင်ရွက်ပေးကြရန်ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်တင်ပြလာသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဦးဆောင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဦးဆောင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Nizhny Novgorod Fair ခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ လူငယ်များနှင့်တွေ့ဆုံနှုတ်ဆက်ကာ စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတကာရှိ လူငယ်များ၏ မီဒီယာကဏ္ဍ၊ စက်မှုတီထွင်နိုင်စွမ်းကဏ္ဍ၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍ၊ ပညာရေးနှင့်သိပ္ပံကဏ္ဍ၊ စွန့်ဦးတီထွင်မှုကဏ္ဍ၊ အားကစားကဏ္ဍနှင့်သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ကဏ္ဍအလိုက် လှုပ်ရှားဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရုရှားနိုင်ငံမှတာဝန်ရှိသူများနှင့်အတူ Nizhny Novgorod Fair တွင်ကျင်းပသည့် လူငယ်များ၏ စကားဝိုင်းအခမ်းအနား အစီအစဉ်သို့ တက်ရောက်ခဲ့ပြီး စကားဝိုင်းအခမ်းအနား၌ မြန်မာနိုင်ငံလူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ဆွေးနွေးရာ နိုင်ငံတကာမှ လူငယ်အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက မြန်မာလူငယ်များအနေဖြင့် အာဆီယံနှင့် နိုင်ငံတကာလူငယ်အစီအစဉ်များ၊ ပြိုင်ပွဲများနှင့် ဆွေးနွေးပွဲများတွင် တက်ရောက်နိုင်ရေးအတွက် အခွင့်အလမ်းများကို ပူးပေါင်းဖန်တီးဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ၏ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ကိုယ်ပိုင်အတွေးအခေါ်များ တိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း အစီအစဉ်များ၊ လူမှုအကျိုးပြု စေတနာ့ဝန်ထမ်းလုပ်ငန်းအစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များအား နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်စေရန်အတွက် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်၊ အလုပ်အကိုင် အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အားကစားနှင့်အပန်းဖြေမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် နိုင်ငံ့သားကောင်းဖြစ်မှု၊ ကျား/မ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေး အစရှိသည့်ကဏ္ဍစုံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။




အဆိုပါ ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ လူငယ်ကိုယ်စားလှယ် ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် လူငယ်ကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အဘက်ဘက်မှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရာ ရုရှားနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs ကလည်း လူငယ်ကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။


သတင်းစဉ်

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ




## တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေဒေသများကို ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထိုမှတစ်ဆင့် စက်တင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

# နောင်ချိုမှာ ပွင့်လန်းလာသည့် ပညာပန်း

**ပညာရေးဝန်ထမ်းတစ်ဦး**

**ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးကို အရေးကြီးသည့်ကိစ္စတစ်ရပ်အဖြစ် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူ၍ နှိုးဆော်တိုက်တွန်းနေရခြင်းမှာ ပညာတတ်လူငယ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် မျှော်မှန်းချက်ပင်ဖြစ်သည်။**

ကျောင်းတက်ရမည့် အရွယ်တွင် ကျောင်းသား ကျောင်းသူတိုင်း ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ ကျောင်းတက်နေသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများ သင်ယူ ပြီးမြောက်စေရေးတို့ကို နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်စီးကာ ကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့်အတွက် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရသည်။ ယခုအခါ နောင်ချိုမြို့တွင် အေးချမ်းသာယာလာပြီဖြစ်၍ အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။

နောင်ချိုမြို့နယ် အတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ခါစ၌ ကျောင်း ၂၀ ဝန်းကျင်သာ ဖွင့်လှစ်နိုင်ခဲ့သော်လည်း ဒေသအာဏာပိုင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုစက်တင်ဘာလဆန်းတွင် အခြေခံပညာကျောင်းပေါင်း ၁၆၀ ကျော်အထိ ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀၀၀ ကျော်ထိတိုးတက်လာပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြပြီဖြစ်သည်။ ဆက်လက်ဖွင့်လှစ်မည့်ကျောင်းများနှင့် ကျောင်းလာတက်သည့် ကျောင်းသားအရေအတွက် နေ့စဉ်နှင့်အမျှ တိုးလာနေသည်မှာ ကြည်နူးစရာပင်။ တစ်နည်းဆိုသော် နောင်ချိုမြို့တွင် ပညာပန်းများ ပြန်လည်ပွင့်လန်းလာခြင်းပင်ဖြစ်သည်။

စာရေးသူသည် စက်တင်ဘာ



ဒေါ်နန်းညွန့်ညွန့်



ဒေါ်လှလှမြင့်



ဆရာမ ဒေါ်ဖြူဖြူလွင်



မောင်ဇင်ယော်ထွန်း



မနန်းမေဖူးစံ

၁၂ ရက်က ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့်အတူ နောင်ချိုမြို့နယ်သို့ ပညာရေးမြှင့်တင်ရေး ခရီးစဉ်တွင် လိုက်ပါ၍ သတင်းရယူခွင့်ရခဲ့သည်။ ခရီးစဉ်အတွင်း အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တွေ့ဆုံပွဲအပြီးတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ရာ နောင်ချိုမြို့တွင် ပညာပန်းများ ပြန်လည် ပွင့်လန်းလာနေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ပီတိစကားသံများကို ယခုလို ကြားသိခဲ့ရသည်-

**ဒေါ်နန်းညွန့်ညွန့်**
**ကျောင်းအုပ်ကြီး၊ အထက(လုံကာ)**

ကျောင်းတွေအခုလိုပြန်လည် ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အင်မတန်ဝမ်းသာရပါတယ်။ ကျောင်းပိတ်ထားတဲ့အတွက် ကျွန်မတို့ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အင်မတန် အားငယ်ခဲ့ရပါတယ်။ ကလေးတွေအတွက် စိတ်မချမ်းသာရပါဘူး။ ပညာသင်ကြားဖို့ တစ်နှစ်တာနောက်ကျသွားလို့ အင်မတန် စိတ်မကောင်းဖြစ်ရတယ်။ ကျောင်းပြန်ဖွင့်ချိန်မှာ မိဘတွေနဲ့ပူးပေါင်းပြီး ကလေးတွေကို ကျောင်းကိုရောက်အောင်ခေါ်ပါတယ်။ ကျောင်းပြန်တက်ဖို့ စီစဉ်ပါတယ်။ မိဘတွေကလည်း ကလေးတွေကို ပညာတတ်စေချင်ကြတယ်။ နိုင်ငံတော်အစိုးရက လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတာ ဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို ကျောင်းတွေ အချိန်မီပြန်ဖွင့်ပေးတဲ့အတွက် ကျွန်မတို့ ဆရာ ဆရာမတွေကလည်း အားတက်သရော အချိန်ပိုတွေ သင်ကြားပေးနေပါတယ်။ ဒါကြောင့် ကျွန်မတို့က အချိန်နဲ့တစ်ပြေးညီ ကျောင်းပြန်ဖွင့်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေကလည်း စိတ်အားတက်ကြွစွာနဲ့ စာသင်နေကြပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့လိုအပ်ချက်တွေကို မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကော်မတီတွေက ပူးပေါင်းပြီး ဆောင်ရွက်သလို နိုင်ငံတော်အစိုးရကလည်း ပျက်စီးသွားတဲ့ ကျောင်းဆောင်တွေကို အချိန်နဲ့တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

**ဒေါ်လှလှမြင့်**
**ကျောင်းသားမိဘ၊ ဘူတာရပ်**

ကျောင်းတွေ ပြန်လည်ဖွင့်လှစ်တဲ့အပေါ် အတိုင်းမသိ ဝမ်းသာပါတယ်။ ဆရာ ဆရာမအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့ ယာယီတိုက်ပွဲရှောင်ကာလမှာ သွားရေး၊ လာရေး အပါအဝင် ကျွန်မတို့ အတော်ဒုက္ခရောက်ခဲ့ရပါတယ်။ အခုလို နောင်ချိုမြို့မှာ ကျောင်းတွေပြန်ဖွင့်ပြီဆိုတော့ ကျွန်မတို့ ကလေးတွေအတွက် ဝမ်းသာရပါတယ်။

**ဆရာမ ဒေါ်ဖြူဖြူလွင်**
**အလယ်တန်းပြ**
**အထက(၁) နောင်ချို**

၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်၊ အဲဒီနေ့က အင်္ဂါနေ့ပါ။ တနင်္လာနေ့မှာ ကျွန်မတို့ ကျောင်းတက်သေးတယ်။ အင်္ဂါနေ့မနက် ကျောင်းတက်မယ့် အချိန်မှာ ရုတ်တရက်ဖြစ်သွားတော့ ကျွန်မတို့ ကလေးတွေနဲ့ ခွဲခွာလိုက်ရပါတယ်။ မနှစ်တုန်းက Grade-9 မှာ ကျောင်းသား ၂၈၀ လောက်ရှိတယ်။ သူတို့ကို ကျွန်မ ပညာမသင်ပေးနိုင်ခဲ့ပါဘူး။ အခုတော့ ကျွန်မတို့ အားကြိုးမာန်တက် သင်ကြားနေပါတယ်။ အခက်အခဲတွေကြားထဲမှာ လာပြီးပညာသင်တဲ့အတွက် ကျွန်မဝမ်းသာပါတယ်။ ဒီထက် အများကြီး လာစေချင်ပါတယ်။ တချို့ကလေးတွေက တခြားမြို့တွေမှာသွားပြီး ပညာသင်ကြတယ်ထင်ပါတယ်။ အခု ဒီအတန်းမှာရှိတဲ့ကလေးတွေက မနှစ်က တစ်နှစ်ပတ်လုံး စာမသင်ခဲ့ရတဲ့ ကလေးတွေဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ကျောင်းသားအဟောင်းလေးတွေပါ။ ကျွန်မတို့ရဲ့ Register ထဲမှာရှိတဲ့ ကလေးတွေ အကုန်ပြန်လာပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အဝေးမှာရောက်ပြီး မသင်ရသေးတဲ့ကလေးတွေ ပြန်ပြီးတော့ လာကြပါလို့ ဖိတ်ခေါ်ပါတယ်။ အားလုံးကို ပညာသင်ပေးချင်ပါတယ်။

**မောင်ဇင်ယော်ထွန်း၊ Grade-11**
**အထက(၁) နောင်ချို**

သားတို့ ကျောင်းပိတ်ထားတဲ့ အခါကျတော့ ဒုက္ခရောက်ခဲ့တယ်။ ကိုယ့်အိမ်တွေ၊ ဆိုင်တွေကိုလည်း ပစ်သွားခဲ့ရတယ်။ သားတို့ရဲ့ သူငယ်ချင်းတွေကျတော့ တခြားမြို့တွေမှာသွားပြီး ကျောင်းတက်နိုင်တယ်။ သားတို့ကျတော့ တခြားနေရာမှာသွားပြီး ကျောင်းတက်ဖို့ဆိုရင် လိုအပ်ချက်တွေ ရှိတယ်။ မိသားစုရေးရာရော၊ စားဝတ်နေရေးရော လိုအပ်ချက်တွေ ရှိတဲ့အတွက်ကြောင့် ကျောင်းမတက်ဘဲ မိသားစုစီးပွားရေးကိုပဲ အတူတူ ကူပြီးလုပ်ခဲ့ရတယ်။ သားသူငယ်ချင်းတချို့လည်း တက်နိုင်တယ်။ တချို့က မတက်နိုင်ပါဘူး။ အခုတော့ ပြန်လာပြီး ကျောင်းတက်ကြတယ်။ ပြန်မလာသေးတဲ့ သူငယ်ချင်းတွေကိုလည်း သားတို့နဲ့အတူ ပြန်လာပြီးတက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခု အေးချမ်းသွားပါပြီ။ သားတို့ကျောင်းမှာလည်း ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံး တက်ညီလက်ညီနဲ့ ကြိုးကြိုးစားစား စာတွေကို သင်ယူနေကြပါတယ်။

**မနန်းမေဖူးစံ၊ Grade-10**
**အထက(၁) နောင်ချို**

သမီးတို့က ဒီမှာ ကျောင်းစပိတ်တဲ့အချိန်မှာ ရှောင်ခဲ့ရပါတယ်။ အလောတကြီး ရှောင်ရတဲ့အချိန်မှာ ဘာပစ္စည်းမှ မယူနိုင်ခဲ့တဲ့အတွက် ကျောင်းတက်ဖို့လည်း ခက်ခဲခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျောင်းကနေစပြီး ပြေးခဲ့ရတာလည်းဖြစ်တဲ့အတွက် အိမ်က မိသားစုတွေနဲ့ တကွဲတပြားစီ ဖြစ်ကုန်ပြီး ဘာမှပါမလာတဲ့အတွက် ဝတ်ဖို့၊ စားဖို့တောင် မနည်းကို ရုန်းကန်ခဲ့ရပါတယ်။ အခက်အခဲတွေလည်း အများကြီး ရှိခဲ့တယ်။ ကိုယ့်အိုး ကိုယ့်အိမ် မဟုတ်တဲ့အတွက် သူများရဲ့အရိပ်အခြည်ကိုလည်းကြည့်ရပါတယ်။

ပြီးတော့ ကိုယ့်အရပ်ဒေသ မဟုတ်တဲ့အတွက် ဘယ်ကနေ ဘယ်လိုစပြီး လှုပ်ရှားရမယ်ဆိုတာကို မသိခဲ့ပါဘူး။ အခု ကျောင်းပြန်ဖွင့်တဲ့အချိန်မှာ ကိုယ့်နေရာဒေသကို ပြန်လာပြီး ကိုယ့်အိမ်ကနေပဲ ကျောင်းတက်ရတယ်ဆိုတော့ အဆင်ပြေပါတယ်။ ကိုယ့်အရပ် ကိုယ့်ဒေသမို့ ပျော်ပါတယ်။ စားဖို့ သောက်ဖို့ဆိုတာလည်း ပူစရာမလိုတော့ဘူး။ စိတ်ပူစရာမလိုတော့ဘူး။ ကိုယ်အရင်တုန်းက နေခဲ့ရတဲ့ နေရာလည်းဖြစ်လို့ ပျော်ပါတယ်။ သမီးတို့သူငယ်ချင်းတွေထဲမှာ ကွဲသွားတဲ့သူငယ်ချင်းတွေလည်းရှိတယ်။ အခု ပြန်မတက်နိုင်သေးတဲ့ သူငယ်ချင်းတွေကိုလည်း ကိုယ့်မြို့ကိုယ့်ရွာမှာ ပြန်နေလို့ရပြီဖြစ်တဲ့အတွက် အရင်လို ပြန်လည်ငြိမ်းချမ်းနေပြီဖြစ်လို့ ပြန်လာစေချင်ပါတယ်။ အခုလို ကျောင်းပြန်တက်နိုင်အောင် လုပ်ပေးခဲ့တဲ့ လူကြီးတွေရော၊ ဆရာ ဆရာမတွေရော ကျေးဇူးတင်ပါတယ်။ သမီးတို့လည်း ပျော်ရွှင်ရပါတယ်။

နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ၊ ဆရာ ဆရာမများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် နောင်ချိုမြို့တွင် ကျောင်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။ ယခုပညာသင်နှစ်တွင် နောင်ချိုမြို့၌ ပညာပန်းများ ပြန်လည်ပွင့်လန်းနေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေကြသည်ကို တွေ့မြင်ကြရပြီဖြစ်သည်။ ဤဒေသတွင် ပညာသင်ယူမှု အခွင့်အလမ်းများ အပြည့်အဝရရှိခြင်းနှင့် အတူ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝတို့သည်လည်း အလျင်အမြန် ဖွံ့ဖြိုး တိုးတက်လာတော့မည်မှာ မလွဲကေန်ပင် ဖြစ်ပါတော့သည်။

## ခရမ်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ခရမ်း စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကမာမတ်ကျေးရွာရှိ စိတ္တသုခ ဓမ္မလင်္ကာရကျောင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုခြင်းဖြင့် မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများမရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ တိကျသော မဲရလဒ်များ ရရှိနိုင်ခြင်း၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာ ကြေညာနိုင်ခြင်းတို့ကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

လက်တွေ့ စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးပွဲသို့ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၀၂၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသည့် မဲဆန္ဒရှင်များက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံနှင့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၂၃**

ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံနှင့် အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံနှင့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းအမှတ်စဉ်(၁၂) သို့ ကရင်ပြည်နယ် လှာကမြင်ကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၂ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လူ



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် ပူတာအိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးနေမှု ကြည့်ရှု



**ပူတာအို စက်တင်ဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုမြို့ ကောင်ကထောင်၊ မြို့မ၊ ဟိုခို၊ ပန်းလှိုင်နှင့် လုံးစွတ်ရပ်ကွက်များမှ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာနှင့် မဲပေးပုံ မဲပေးနည်းများကို ရှင်းလင်းဆွေးနွေးကာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရွေးကောက်ပွဲပုံစံခင်းကျင်းကာ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။ (ဓါတ်ပုံ)

ညနေပိုင်းတွင် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် ဆန္ဒမဲပေးကြမည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး ဆန္ဒမဲပေးပုံနည်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်၏ အားနည်းချက်၊ အားသာချက်များကို အသိပညာပေးဆွေးနွေးပြီး ရွေးကောက်ပွဲပုံစံခင်းကျင်းကာ လက်တွေ့သရုပ်ပြ မဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကုလသမဂ္ဂ၏ နှစ် (၈၀) ပြည့် အထိမ်းအမှတ် ကမ္ဘာလုံးဆိုင်ရာ လူငယ်အနုပညာပြပွဲ ပေကျင်း၌ ကျင်းပ

**ပေကျင်း စက်တင်ဘာ ၂၃**

ကုလသမဂ္ဂ၏ နှစ် (၈၀) ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့ ကုလသမဂ္ဂရုံး၌ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ခြင်းနှင့် ကမ္ဘာတစ်ဝန်းမျှဝေခံစားရမည့် အနာဂတ်အမည်ရှိ ကမ္ဘာ့လူငယ်ဆိုင်ရာပြပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားသို့ China Media Group ဥက္ကဋ္ဌ မစ္စတာ Shen Hai-xiong နှင့် ကုလသမဂ္ဂရုံးချုပ်မှ ကမ္ဘာလုံးဆိုင်ရာ ဆက်ဆံရေး တာဝန်ရှိသူ Ms. Melissa Fleming တို့က ဗီဒီယိုသတင်းစကားများပေးပို့ကြပြီး CMG အနေဖြင့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များကို ပိုမိုထုတ်လွှင့်ဖော်ပြခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ခြင်းနှင့် ပိုမိုတိုးတက်မြင့်မားခြင်းနှင့်အတူ တရုတ်နှင့် ကမ္ဘာ့နိုင်ငံများအကြား ပိုမိုချိတ်ဆက်မှု အားကောင်းခြင်း၊ အထင်အမြင်လွဲမှားမှုများကို ဖယ်ရှား၍ ယဉ်ကျေးမှု ကွာခြားချက်များကို ပူးပေါင်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောသည်။

ထို့အတူ ကုလသမဂ္ဂရုံးချုပ် တာဝန်ရှိသူက တရုတ်၏ ဗဟုအမြင်အား ကြိုဆိုကြောင်းနှင့် နှစ် (၈၀) ခရီး ကောင်းမွန်သည့် ဆောင်ရွက်ချက်များကို အနာဂတ်မျိုးဆက်များအထိ ဆက်လက်ယူဆောင်သွားနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားပြီး တရုတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂညွှန်ကြားရေးမှူးက ကုလသမဂ္ဂ၏ နှစ် (၈၀) ပြည့်အထိမ်းအမှတ်သည် အတိတ်ကိုသာ အာရုံမစိုက်ဘဲ အနာဂတ်တည်ဆောက်ခြင်းကို အဓိကထားရန် အခွင့်အလမ်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ၏ အတူမျှဝေသည့် အနာဂတ်ခေါင်းစဉ်ဖြင့် လူငယ်အနုပညာပြိုင်ပွဲများအတွင်းမှ ထူးချွန်သည့် လက်ရာများနှင့် လက်ရာရှင်များအား ဖော်ထုတ်ခဲ့ပြီး CGTN ၏ ကုလသမဂ္ဂ နှစ် (၈၀) အထိမ်းအမှတ် အထူးထုတ်လုပ်ထားသည့် အစီအစဉ်အချို့ကို စတင်မိတ်ဆက်သည်။ ယနေ့ကျင်းပသည့် အခမ်းအနားကို တရုတ်အခြေစိုက် မီဒီယာဖြစ်သည့် CGTN နှင့် တရုတ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများက ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမီဒီယာများ တက်ရောက်ကြသည်။




CGTN သည် အဆိုပါ လူငယ်အနုပညာပြိုင်ပွဲကို ဇူလိုင်လတွင် စတင်ခဲ့ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု၊ ပညာရေး၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု စသည့် ကုလသမဂ္ဂ SDG ရည်မှန်းချက်များအပေါ် လူငယ်များ၏ အမြင်များကို ဖော်ထုတ်ခဲ့သည့်အနက် ဗီဒီယို ၁၅ ပုဒ်နှင့် ဓာတ်ပုံ ၂၀ ကို ထူးချွန်သည့် လက်ရာများအဖြစ် ရွေးချယ်၍ CGTN ၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်များ၌ ဖော်ပြပေးသွားမည်ဖြစ်သည်။ ယနေ့ အခမ်းအနားသို့ မာလာဝီ၊ ပေါ်တူဂီ၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ထူးချွန်လူငယ် အနုပညာရှင် ရှစ်ဦး တက်ရောက်ကြသည်။ **ခင်ရတနာ**

# ဌာနဆိုင်ရာ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒက္ခိဏသီရိမြို့နယ် ဌာနဆိုင်ရာငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်းလုပ်ငန်းအခြေအနေများကို တင်ပြသည်။ ဆက်လက်၍ အမှုဆောင်များက အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများကိုဖတ်ကြားပြီး အတည်ပြုချက်ရယူခဲ့သည်။ ထို့နောက် အသင်းသားများအား အတိုးအမြတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ် အရက်သီမကျေးရွာ၌ ရေပေးရေးလုပ်ငန်း စတင်ဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ရန် အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၈ ဒသမ ၇၁ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အရက်သီမကျေးရွာ အုပ်စု အရက်သီမကျေးရွာ တွင်းနက်တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ယမန်နေ့က သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ဘုန်းမြတ်

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော**
**လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက် ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော် နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ မှ အဖွဲ့ဝင်ငါးဦးသည် ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာ ကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် အတင်း အဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်း ဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်း စွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ် ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိ ရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသည့် ရန်ကုန်တိုင်းဒေသကြီး တောင် ဥက္ကလာပမြို့နယ်၊ အရှေ့ဒဂုံမြို့နယ်၊ မြောက်ဒဂုံ မြို့နယ်၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့တို့မှ PDF အမည်ခံ အဖွဲ့ဝင် အမျိုးသားငါးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မကွေး မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြ သည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မ များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်း သူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး (ဝဲပုံ) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေ သေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါ က ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှု များ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Than Naing Htwe (@than-nainghtwe41)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာနေ သန်းနိုင်ထွေးအား ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားရှစ်ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း ၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော် သလေး(KK Park) နှင့် ကျောက် ခတ်နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံ သား သုံးဦး၊ အီသီယိုးပီးယား နိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား နှစ်ဦးနှင့် ကင်မရွန်းနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှု နှင့် နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေး နှင့် အဆင်ပြေချောမွေ့စေရေး အတွက် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူ များက ယနေ့နံနက်ပိုင်းတွင် ဌာန ဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ အား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နှင်လွှဲပြောင်း ပေးအပ်ပွဲကို ဆက်လက်ကျင်းပ ခဲ့ရာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိ သူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါ နိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ အီသီယိုး ပီးယားနိုင်ငံသံရုံးနှင့် ကင်မရွန်း နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စား လှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ မှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံ သို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက် စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။(**အပေါ်ပုံ**)

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံ သား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်း ပေးရန် အသင့်ဖြစ်နေပြီဖြစ် ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန် စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

### ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများ တွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုး ကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံ ရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန် ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်နှင့် ၉ ရက်တို့တွင် ကော့သောင်းမြို့နယ် ဇီဝဇိုးကျွန်းနှင့် ကျွန်းပြားကြီးကျွန်းအနီးတို့၌ တရားဝင် ငါးဖမ်းခွင့်လိုင်စင်မရှိသည့် ရေယာဉ်နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်း၌ ရေယာဉ် နှစ်စင်းပေါ်မှ တရားမဝင် အခြားသစ် ၃၄ ဒသမ ၈၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၆၃၄၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ရေယာဉ်နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၆၆၃၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၂၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၅၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၈၀၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့အတွင်း၌



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

လိုင်စင်မဲ့မော်တော်ယာဉ် ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၀ ရက်နှင့် စက်တင်ဘာ ၁၃ ရက်တို့တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၄ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၁၉၃၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus တစ်စီး၊ Toyota Corolla Fielder သုံးစီး၊ Nissan AD Van တစ်စီး၊ Toyota Probox နှစ်စီး၊ Mitsubishi Fuso Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Nissan Diesel Tractor Head နှစ်စီး နှင့် နောက်တွဲယာဉ်ခြောက်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၁၉၃၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Yutong Mini Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Dyna Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၆၈၉၁၆၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV.Marina-7 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၀၆၈၉၁၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၃၀ ရက်နှင့် စက်တင်ဘာ ၆ ရက်မှ ၂၁ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၅၆၁၉၃၇၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် စက်တင်ဘာ ၂၃**

မိုင်းဆတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဝိန်းလိတ်ကျေးရွာသွားလမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်း (ပထမအပိုင်း)လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ တံတားတည်ဆောက်ရေးအဖွဲ့၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားသည် အရှည်ပေ ၁၈၀၊ အကျယ် ၁၈ ပေ ကွန်ကရစ်တံတားဖြစ်ပြီး ပြည်နယ်ရန်ပုံငွေကျပ် ၁၅၀ ဒသမ ၁၉၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မာ(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အုပ်စု (H) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် သုံးသင်းပါဝင်သည့် အုပ်စုတွင် ပါဝင်နေသည့်အပြင် အဖွင့်ပွဲတွင် မော်လ်ဒိုက်အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး သုံးမှတ်စီရသည့် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းသည် ခြေစစ်ပွဲ အောင်မြင်ရန် အလားအလာကောင်းလျက်ရှိသည်။ အာဖဂန်နစ္စတန် အသင်းသည် မြန်မာအသင်းထက် ကမ္ဘာ့အဆင့် ရပ်တည်မှုမြင့်မားသည့်အပြင် ခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်သဖြင့် မြန်မာအသင်းသည် အနိုင်ကစားနိုင်ရန် ခက်ခဲသော်လည်း သရေကျပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။ သို့သော် ရှုံးပွဲကြုံတွေ့ပါကလည်း ဂိုးပြတ်မရှုံးပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ခုနစ်သင်းစာရင်းဝင်ရန် အခြေအနေကောင်းမည်ဖြစ်သည်။

အုပ်စုရှစ်ခုအနက် အီရတ်၊ ဆော်ဒီအာရေဗျ၊ တရုတ်(တိုင်ပေ)နှင့် ပါကစ္စတန်တို့ ပါဝင်သော အုပ်စု (D) ပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၂၄ ရက်တွင် အုပ်စု ခုနစ်သာ ပြီးဆုံးမည်ဖြစ်ရာ ခြေစစ်ပွဲအောင်မြင်မည့် အသင်းစုံလင်စွာ ထွက်ပေါ်နိုင်မည်မဟုတ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၂၀၁၈ နှင့် ၂၀၂၄ ခုနှစ် နှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ဖူးကြောင်း သိရသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

◆ *ကျောဖုံးမှ*

အသက် ၁၈ နှစ်အရွယ် ယာမဲလ်သည် အကောင်းဆုံး လူငယ် ကစားသမားအတွက် ချီးမြှင့်သည့် Kopa Trophy ဆုကို ဆွတ်ခူးရရှိခဲ့သည်။ အာဆင်နယ် တိုက်စစ်ကစားသမား ဗစ်တာယိုကာရက်ဇ်သည် ပြီးခဲ့သည့်ရာသီတွင် ကလပ်နှင့် နိုင်ငံအသင်းအတွက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ပြီး ဂတ်မူလာဆုကို ဆွတ်ခူးရရှိခဲ့သည်။ မန်စီးတီးအသင်းမှ အီတလီဂိုးသမား ဒွန်နာရမ်မာသည် ပြီးခဲ့သည့်ရာသီ ပီအက်စ်ဂျီအသင်းတွင် အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သည့်အတွက် အကောင်းဆုံး ဂိုးသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဘာစီလိုနာ အမျိုးသမီးအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဘွန်မာတီသည် အမျိုးသမီး ဘလွန်းဒီအောဆုကို သုံးကြိမ်ဆက် ဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၂၇ နှစ်အရွယ် ဘွန်မာတီသည် အမျိုးသမီး ဘလွန်းဒီအောဆုကို သုံးကြိမ်ဆက် ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် အဆိုပါဆုကို အာဆင်နယ် အမျိုးသမီးအသင်း တောင်ပံကစားသမား မာရီယိုနာ ကဲလ်ဒန်တေကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

### ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဖိလစ်ပိုင်နိုင်ငံ၌ စူပါတိုင်ဖွန်းမုန်တိုင်း ရာဂါဆာကြောင့် သေဆုံးသူ တိုးလာ

**မနီလာ စက်တင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ စက်တင်ဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော စူပါတိုင်ဖွန်းမုန်တိုင်း ရာဂါဆာကြောင့် နောက်ထပ် နှစ်ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ် (ပီစီဂျီ) က စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။



ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ရာဂါဆာမုန်တိုင်းကြောင့် သေဆုံးသူပေါင်း သုံးဦးရှိလာပြီ ဖြစ်သည်။ ကာဂါယန်ပြည်နယ် စတာအန်နာမြို့ကမ်းလွန်တွင် တံငါသည် ၁၃ ဦးတင်ဆောင်လာသော ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးကြောင်း၊ အခြားခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပီစီဂျီက ပြောသည်။

အဆိုပါ ငါးဖမ်းလှေမှာ ကျောက်ချရပ်နားပြီး ခိုလှုံနေစဉ်တွင် ပြင်းထန်သော လှိုင်းလုံးများကြောင့် နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ပီစီဂျီက ဆက်ပြောသည်။ ရာဂါဆာသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်းအရေအတွက် ၄ ဒသမ ၆၅ သန်းနီးပါးရှိလာ

**ပေကျင်း စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်း အရေအတွက်မှာ ဩဂုတ်လကုန်တွင် ၄ ဒသမ ၆၅ သန်းနီးပါးကို ရောက်ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်က ဖော်ပြသော တရားဝင်အချက်အလက်များကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အရေအတွက်သည် တစ်နိုင်ငံလုံးရှိ မိုဘိုင်းအခြေစိုက်စခန်း စုစုပေါင်း၏ ၃၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံတွင် 5G ဝန်ဆောင်မှုကို အသုံးပြုသော မိုဘိုင်းသုံးစွဲသူ အရေအတွက်မှာ မြင့်တက်လာလျက်ရှိသည်။




ဩဂုတ်လကုန်ပိုင်း အထိ တရုတ်နိုင်ငံ၏ အဓိကဆက်သွယ်ရေးလုပ်ငန်းကြီးသုံးခုနှင့် China Broadnet ၏ မိုဘိုင်းဖုန်းသုံးစွဲသူအရေအတွက်မှာ ၁ ဒသမ ၈၂ ဘီလီယံခန့်ရှိလာကြောင်း အချက်အလက်များအရ သိရသည်။ ၎င်းတို့အနက် 5G မိုဘိုင်းဖုန်းသုံးစွဲသူ ၁ ဒသမ ၁၅ ဘီလီယံကျော်ရှိကြောင်း၊ ယင်းမှာ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကထက် သန်း ၁၄၀ တိုးလာကြောင်းနှင့် မိုဘိုင်းဖုန်းသုံးစွဲသူ စုစုပေါင်း၏ ၆၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တူကီယဲ၌ ဆိုက်ဘာရာဇဝတ်မှုနှင့် လိမ်လည်မှုများကို ဖြိုခွင်းနှိမ်နင်း

**အန်ကာရာ စက်တင်ဘာ ၂၃**

ငါးရက်အတွင်း ပြည်နယ် ၁၈ ခု၌ ဆိုက်ဘာရာဇဝတ်မှုနှင့် လိမ်လည်မှုများကို ဖြိုခွင်းနှိမ်နင်းရာတွင် သံသယရှိသူ ၁၇၀ ခန့် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်ဟု တူကီယဲပြည်ထဲရေးဝန်ကြီး အာလီယာလီကာယာက စက်တင်ဘာ ၂၂ ရက်က ပြောကြားလိုက်သည်။




သံသယရှိသူ များသည် ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းပုံများ ပိုင်ဆိုင်ခြင်း၊ ဘန်ဂလို အတုအယောင်များ ငှားရမ်းခြင်းများမှတစ်ဆင့် နိုင်ငံသားများအား လိမ်လည်လှည့်ဖြားခြင်း၊ ခွင့်ပြုချက်မရှိဘဲ အကောင့်အသုံးပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုများပြုလုပ်ခြင်း၊ ပရိဘောဂများ လိမ်လည်ရောင်းချခြင်းတို့ကဲ့သို့သော အမျိုးမျိုးသော ဆိုက်ဘာ ရာဇဝတ်ပြစ်မှုများနှင့် အယောင်ဆောင် လိမ်လည်မှု အစီအစဉ်များတွင် ပါဝင်ခဲ့ကြသည်။

တခြားသူများမှာ တရားမဝင် လောင်းကစားလုပ်ငန်းများ လုပ်ဆောင်ခြင်း သို့မဟုတ် ယင်းကွန်ရက်များနှင့် ချိတ်ဆက်ထားသော ငွေကြေးလွှဲပြောင်းမှုများကို လွယ်ကူချောမွေ့အောင် လုပ်ဆောင်ခြင်းနှင့် တရားမဝင် အမြတ်အစွန်းများရရှိရန် မိုဘိုင်းဘဏ်အကောင့်များကို တရားမဝင်ရောက်ခြင်းတို့ကိုလည်း ပြုလုပ်သည်ဟု စွပ်စွဲခံထားရကြောင်း ယာလီကာယာက လူမှုမီဒီယာပလက်ဖောင်း X တွင် ပြောကြားခဲ့သည်။

ပြည်နယ် ၁၈ ခုတွင် ဖမ်းဆီးခံထားရသည့် သံသယရှိသူများအနက် ၅၅ ဦးကို တရားဝင်ဖမ်းဆီးထားပြီး ၃၄ ဦးကို တရားစီရင်မှုအောက်တွင် ထားရှိထားကြောင်း၊ ကျန်ရှိနေသည့် အမှုကိစ္စရပ်များကို ဆက်လက်စိစစ်နေဆဲ ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးက ဆက်ပြောသည်။

ရာဇဝတ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ခန့်မှန်း တားကစ်လိုင်ယာ ၃၄၁ သန်း (အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၄ သန်း) တန်ဖိုးရှိသည့် ကုမ္ပဏီငါးခု၊ လူနေအိမ်ခုနစ်လုံးနှင့် ယာဉ် ၁၀ စီးကိုလည်း ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်းလည်း ပြောကြားထားသည်။ **ဆင်ဟွာ**

# ဂါဇာစစ်ပွဲအဆုံးသတ်ရန် အင်ဒိုနီးရှားသမ္မတ တိုက်တွန်း

**ဂျကာတာ စက်တင်ဘာ ၂၃**

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ဂါဇာစစ်ပွဲအဆုံးသတ်ရန် တိုက်တွန်းလိုက်ပြီး အင်ဒိုနီးရှားနိုင်ငံသည် ကုလသမဂ္ဂပြဋ္ဌာန်းချက်အောက်တွင် ငြိမ်းချမ်းရေးတပ်ဖွဲ့များကို စေလွှတ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်ဟု ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည့် ပါလက်စတိုင်းပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေးနှင့် နှစ်နိုင်ငံဖြေရှင်းချက် အကောင်အထည်ဖော်ရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံတွင် သမ္မတ ဘရာဘိုဝိုက ထိုသို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ဂါဇာစစ်ပွဲအဆုံးသတ်ရေးသည် နိုင်ငံတကာဦးစားပေးကိစ္စရပ်တစ်ခုဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံသည် ဂါဇာငြိမ်းချမ်းရေး၌ တက်ကြွစွာပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက အလေးအနက်ပြောကြားခဲ့သည်။

အမျိုးသမီးနှင့် ကလေးများအပါအဝင် အပြစ်မဲ့သူထောင်ပေါင်းများစွာတို့၏အသက်များ ဆုံးရှုံးခဲ့ကြောင်း၊ ငတ်မွတ်ခေါင်းပါးခြင်းများဖြင့် ခြိမ်းခြောက်ခံနေရကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးတစ်ခုသည် မိမိတို့၏မျက်စိရှေ့တွင်ဖြစ်ပေါ်လာကြောင်း၊ အပြစ်မဲ့သူများအပေါ် ပြုလုပ်သည့် အကြမ်းဖက်မှုအမျိုးမျိုးကို မိမိတို့ရှုတ်ချပါကြောင်း အင်ဒိုနီးရှားနိုင်ငံ အတွင်းဝန်ရုံးမှ ထုတ်ပြန်သည့်ကြေညာချက်တွင် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုက ပြောကြားလိုက်သည်။

နိုင်ငံတကာအသိုက်အဝန်း၏ သမိုင်းဝင်တာဝန်အရ ပါလက်စတိုင်း၏အနာဂတ်သာမက အစ္စရေး၏အနာဂတ်နှင့် ကုလသမဂ္ဂကိုယ်တိုင်၏ ယုံကြည်စိတ်ချရမှုကိုပါ စိုးရိမ်ကြောင်း သမ္မတ ပရာဘိုဝိုက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂါဇာဒေသတွင် ဖြစ်ပေါ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မိကြောင်းလည်း သမ္မတက ထုတ်ဖော်ပြောကြားခဲ့သည်။ နှစ်နိုင်ငံဖြေရှင်းချက် အကောင်အထည်ဖော်ရေးသည် ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော လမ်းကြောင်းအဖြစ် အင်ဒိုနီးရှားနိုင်ငံက မှတ်ယူထားသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် သီရိလင်္ကာအစိုးရ လုပ်ဆောင်

**ကိုလံဘို စက်တင်ဘာ ၂၃**

သီရိလင်္ကာအစိုးရသည် လာမည့် နှစ်နှစ်အတွင်း ရူပီး ၄၅ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့်) ကို နှောင့်နှေးကြန့်ကြာနေသော ဆေးရုံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်ဟု ကျန်းမာရေးနှင့် အများပြည်သူမီဒီယာဝန်ကြီး နာလင်ဒါဂျာယာတစ်ဆာက ပြောကြားလိုက်သည်။

ထို့အပြင် လာမည့်နှစ်လအတွင်း ကျန်းမာရေးဝန်ထမ်း ၁၉၀၀ ခန့် ခေါ်ယူပေးသွားမည်ဖြစ်ကြောင်းနှင့် နောက်ရှစ်လအတွင်း နောက်ထပ်သူနာပြု ၁၀၀၀ နီးပါး ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း နိုင်ငံအရှေ့ပိုင်းပြည်နယ်တစ်ခုရှိ လူထုတွေ့ဆုံပွဲတွင် ၎င်းက ပြောသည်။

အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှုပေးသော ကျန်းမာရေးဝန်ထမ်းများကို မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးသွားမည့် အစီအစဉ်ကိုလည်း ၂၀၂၆ ခုနှစ် ဧပြီတွင် စတင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနအတွက် ၂၀၂၆ ဘတ်ဂျက်တွင် ရူပီး ၅၅၀ ဘီလီယံခွဲဝေချထားပေးရန် စီစဉ်ထားသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္တိုင်း၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု မြင့်တက်

**ဟန္တိုင်း စက်တင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟန္တိုင်း၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု လျင်မြန်စွာမြင့်တက်လျက်ရှိပြီး စက်တင်ဘာ ၁၂ ရက်မှ ၁၉ ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူအသစ် ၂၅၈ ဦးရှိကြောင်း ဗီယက်နမ်သတင်းဌာနက စက်တင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ ၁၉၀ ခန့်ရှိရာမှ မြင့်တက်လာခြင်းဖြစ်သည်။ ယခုနှစ်အစပိုင်းမှ စတင်ကာ မြို့တော်ဟန္တိုင်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၈၄ ဦးရှိပြီး ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၄၂ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။ **ဆင်ဟွာ**




## သုံးခွမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**သုံးခွ စက်တင်ဘာ ၂၃**

သန်လျင်ခရိုင် သုံးခွမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံး၌ ပြုလုပ်သည်။(ယာပုံ)



အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍ တစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်း စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၃** ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စု အခွန်အကောက် ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



ရှင်းလင်း ဆွေးနွေးပွဲတွင် တာချီလိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများသိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အခွန်ထမ်းပြည်သူ ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

## မိုင်းယောင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပညာပေး

**မိုင်းယောင်း စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပညာပေး Talk Show ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးမိုးဝင်း(ခ)တင်မိုးဝင်းက ရွေးကောက်ပွဲတွင်မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းနှင့် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ် ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး စိုးမြင့်ဦး ဦးဆောင်သည့် သင်တန်းသားများ စက်တင်ဘာ ၂၀ ရက်က ပြည်မြို့နယ် ဝက်ထီးကန် တိုက်နယ်ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့ အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များစုပေါင်း၍ အမျိုးသားသွေးဌာန ရန်ကုန်မြို့၌ စုပေါင်းသွေးလှူဒါန်းနေမှုကို ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး လှမိုးဦးဆောင်၍ ကြည့်ရှုအားပေးစဉ်။ မြန်မာ့အလင်း



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး အောင်ကျော်ဦး ဦးစီးသောတပ်ဖွဲ့ဝင်များ စက်တင်ဘာ၂၃ ရက်က ကျောက်တန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရဲတပ်ရင်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိစံ၊ ဆရာ ဆရာမများနှင့်အတူ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဝင်းစိုး(ကျောက်တန်း)



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD SEALION 07 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် စက်တင်ဘာ ၂၃ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖိုးဇောင်းတောင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၅ ခုနှစ် ဖိုးဇောင်းတောင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင် (ကြိုးဝိုင်း) နေပြည်တော်-တပ်ကုန်း အမှတ်(၂)လမ်း မိုင်တိုင်(၅မိုင်/၅ဖာလုံ)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်း၊ ဦးဟန်သူ၊ နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်း၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များက ပျိုးပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းထံပေးအပ်ကာ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ဆီသပြေပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ဆီသပြေ၊ မဟော်ဂနီ၊ စိန်ပန်းနှင့် ပိတောက် စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။



ဥတ္တရသီရိမြို့နယ်အတွင်း သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းမကြီးများအပါအဝင် ကျေးလက်လမ်းများ၏ လမ်းဘေးဝဲ/ယာများ၊ လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေကွက်လပ်၊ မြေလွတ်/မြေရိုင်းနေရာများတွင် ငါးဧက၊ ၁၀ဧကခန့်ရှိ သစ်တောငယ်များ တည်ထောင်နိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(ပြည်)မှ ဒုတိယရဲမှူးရဲထွန်းလင်းနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က ပြည်မြို့ မြို့သစ် (၁၀) လမ်းရှိ အောင်ဇောမိဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးကုမာရထံသို့ ငွေကျပ် တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြန်မာ့အလင်း

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဆေးကုသပေး

**ဒဂုံတောင် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မျက်စိအခမဲ့စမ်းသပ်စစ်ဆေးကုသမှုပေးခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းနှင့်မျက်စဉ်းခတ်ကုသပေးခြင်းတို့ကို (၂၀)ရပ်ကွက် မြို့နယ်ကျက်သရေဆောင် အောင်ဇောမိစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**ရှာဖွေကုသပေး**

ထိုသို့ဆောင်ရွက်ရာတွင် မျက်စိအထူးကုဆရာဝန်ကြီးများ အဖွဲ့သည် မျက်စိဝေဒနာရှင် ၃၆၇ ဦးအား အခမဲ့စမ်းသပ်စစ်ဆေးကုသမှုပေးပြီး ခွဲစိတ်ရန်လိုအပ်သော မျက်စိအတွင်းတိမ် လူနာ ၄၂ ဦးအား ဗဟန်းအမျိုးသမီးဆေးရုံတွင် ယခုရက်သတ္တပတ်အတွင်း ခွဲစိတ်ကုသပေးနိုင်ရန် စီစဉ်ခြင်း၊ မျက်မှန်လိုအပ်သူလူနာ ၂၁၃ ဦးအား မျက်မှန်များ အခမဲ့ပြုလုပ်ပေးခြင်း၊ မျက်စဉ်းခတ်၍ကုသရန် လိုအပ်သူလူနာ ၇၇ ဦးအား မျက်စဉ်းများ အခမဲ့ပေးခြင်းများ ဆောင်ရွက်ပေးပြီး မျက်စိရောဂါလာရောက်ပြသူများအား ဆီးချို၊သွေးတိုးစသည့် မကူးစက်တတ်သော



ရောဂါများ ရှာဖွေကုသမှုပေးခြင်းနှင့် တီဘီရောဂါရှာဖွေကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)



# ကန့်ဘလူမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ကန့်ဘလူ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့က အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ အခမဲ့စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေမိုးနှင့်ဝန်ထမ်းများ၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်သန်းသန်းလတ်နှင့်ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်အခြေခံကျန်းမာရေး ရောဂါဆိုင်ရာများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မူဆယ်မြို့၌ မြန်မာ့အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**မူဆယ် စက်တင်ဘာ ၂၃**

မူဆယ်မြို့၌ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာ့အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မောက်ကိုဆွဲ့ခန်းမ(၂)၌ ဆောင်ရွက်သည်။



**လက်တွေ့ဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးဇာနည်မြင့်ထွန်းတို့က မြန်မာ့အီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ မဲပေးပုံအဆင့်ဆင့်ကို ရှင်းလင်းကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ယင်းနောက် မဲဆန္ဒရှင် ပြည်သူများက ကိုယ်တိုင်မဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)



# ချောင်းသာမြို့၌ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံ

**ချောင်းသာ စက်တင်ဘာ ၂၃**

ချောင်းသာမြို့ အမက (၈) ချောင်းသာအခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့်သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ချောင်းသာတိုက်နယ်ကျန်းမာရေးဌာန ကျန်းမာရေးမှူး-၃ ဦးထွန်းအောင်ကိုဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သည့် KG ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ဆယ်နှစ်မကျော်သော ကျောင်းသူ ၈၁ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ကျောင်းအခြေပြု ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

# လှိုင်းဘွဲ့မြို့နယ်၌ လူ့ကုန်ကူးမှုနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၃**

လှိုင်းဘွဲ့မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက်က အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောသော်တာလင်းသန့်က ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဦးစိုင်းရန်နောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်မှကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေး



ပြောကြားခဲ့သည်။

ထို့နောက် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

စောဒီ(ပြန်/ဆက်)

## လယ်ဝေးမြို့နယ် ရပ်ကွက်များအတွင်းရှိလမ်းများ ပြုပြင်တိုးချဲ့နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**
နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လယ်ဝေးမြို့နယ် အမှတ် (၂) ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်အတွင်းရှိလမ်းများ အုတ်စီရေမြောင်းနှင့် Box Culvert ဆောက်လုပ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၂)ရပ်ကွက် အောင်ဇေယျ(၁)လမ်းတွင် အုတ်စီရေမြောင်း အရှည် ၁၃၇၃ ပေနှင့် Box Culvert တစ်စင်း ဆောက်လုပ်နေမှုကို သွားရောက်စစ်ဆေးကာ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် အမှတ်(၅)ရပ်ကွက် မြို့သစ်(၅)လမ်း အရှည်ပေ ၃၁၀၀၊ အကျယ် ၃ပေ၊ ဒု ရှစ်လက်မရှိ ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ လူငယ်စကားဝိုင်းပြုလုပ်

**မိုင်းယောင်း စက်တင်ဘာ ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ အလက-ခွဲ(ဝမ်ကောင်း)၌ ယနေ့နံနက် ၉ နာရီခွဲက ကလေးအလုပ်သမားပပျောက်ရေး လူငယ်စကားဝိုင်း ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ကလေးအလုပ်သမားပပျောက်ရေးလူငယ်စကားဝိုင်း ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရုပ်သံကျွမ်းကျင်(၃)ဒေါ်နန်းစီဖောင်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် Grade-9 မှ ကျောင်းသူများက "ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့် ကလေးအလုပ်သမား၏ အသက်အရွယ်"အကြောင်း၊ "သင့်ကြောင့်"အကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်နှင့် "အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ" အကြောင်းတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း အသိပညာပေးဟောပြော



**ဖြူး စက်တင်ဘာ ၂၃**
အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အထက(၃)ကျောင်းရှိ ကျောင်းသားကျောင်းသူများအား ကွမ်း၊ ဆေးလိပ်ကအစ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း အသိပညာပေး ဟောပြောခြင်းကို စက်တင်ဘာ ၂၃ ရက်က အဆိုပါကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဖြူးမြို့မရဲစခန်းမှ ဒုတိယရဲမှူး အောင်လင်းက မူးယစ်ဆေးဝါးအမျိုးမျိုး၊ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများအကြောင်း၊ ဒုတိယရဲအုပ် ကျော်ကျော်လှိုင်က အွန်လိုင်းငွေကြေးလိမ်လည်မှုဖြစ်စဉ်များအကြောင်းကို အသိပညာပေးဟောပြောပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုကလစ်နှင့် ငွေကြေးလိမ်လည်မှုကို ပြန်လည်တုံ့ပြန်သည့် ဗီဒီယိုကလစ်များကို ဆင့်ပွားအစီအစဉ် တစ်ရပ်အနေဖြင့် ပြသရှင်းလင်း ဆွေးနွေးခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ပြင်ဦးလွင် စက်တင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင်မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့်အနာဂတ်နိုင်ငံတော်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသား ကျောင်းသူများအား မေးမြန်းခဲ့ရာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့သည်။ **သွေးသွေး (ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနှင့် ဆုံဆို့နာကာကွယ်ဆေးများ ထိုးနှံ



**ဘိုကလေး စက်တင်ဘာ ၂၃**
ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် အတွင်းမှ အခြေခံပညာ ကျောင်းများသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယနေ့ နံနက် ၉ နာရီတွင် စတင်ကွင်းဆင်း၍ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးနှင့် ဆုံဆို့နာကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းထွန်းနှင့် ဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ အသက်ကိုးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား ဆုံဆို့နာရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းတို့ ဆောင်ရွက်ပေးပြီး ဆေးထိုးနှံမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်အားယနေ့မှ စတင်၍ စက်တင်ဘာ ၂၅ ရက်အထိ သုံးရက်တာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## ရွှေဘိုမြို့ လူထုအခြေပြုဗဟိုဌာန၌ အိမ်တွင်းမှုစီးပွားရေးပြုလုပ်နည်း သင်တန်းဖွင့်ပွဲကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းမှု စီးပွားရေး ပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက အမျိုးသမီးငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများ ဖြစ်ပေါ်လာပြီး ဝင်ငွေတိုးရေးအတွက် ဆံပင်ဆံအုပ် (ဘိုးကလစ်) ပြုလုပ်နည်း သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားကာ သင်တန်းသို့ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဆရာမဒေါ်မိုးသူက(ဘိုးကလစ်) ပြုလုပ်နည်းများကို နှစ်ရက်တာ စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုကိုးကျွန်းမြို့နယ်၌ ပုံပြောပြိုင်ပွဲကျင်းပ

**ကိုကိုးကျွန်း စက်တင်ဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က ပုံပြောပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ပြိုင်ပွဲများပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ပုံပြောပြိုင်ပွဲကို ကျင်းပရာ ခေတ်သစ်ပုံပြင်များစာအုပ်မှ မေမေပြောသောပုံပြင်များခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၂ ဦးရှိကြောင်း သိရသည်။ အဆိုပါပုံပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန် /ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ဟားခါးမြို့ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကျောင်း၌ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များပေးအပ်



**ဟားခါး စက်တင်ဘာ ၂၃**

ဟားခါးမြို့ အမှတ်(၂)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ဖွင့်လှစ်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကျောင်း၌ ပညာသင်ကြားနေသော မူလတန်းကျောင်းသား ကျောင်းသူများ အတွက် ပုံနှိပ်စာအုပ်များ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ဟားခါးမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ အီးကေကိမ်းငင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ခေတ္တ လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်း တို့က အမှာစကားပြောကြားကြပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကျောင်းတွင် ပညာသင်ကြားနေသော မူလတန်းအဆင့် level-1 အတွက် ပုံနှိပ်စာအုပ် ၄၄ စုံကို ခေတ္တလူမှုရေးရာဝန်ကြီးက လည်းကောင်း၊ မူလတန်းအဆင့် level-2 အတွက် ပုံနှိပ်စာအုပ် ၆၅ စုံကို သယံဇာတရေးရာဝန်ကြီးက လည်းကောင်း ပေးအပ်ကြပြီး ဟားခါးမြို့နယ် ပညာကော်မတီ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ကျောင်းသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသူ၊ မူလတန်းပညာ မပြီးမီ ကျောင်းစောထွက်ခဲ့သူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စုများနှင့် အခြေခံပညာအလယ်တန်းဆင့် ပြီးမြောက်အောင် မသင်ယူနိုင်ခဲ့သော အသက် ၁၃ နှစ်မှ ၁၈ နှစ်ကြား လူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၉ ဦးက ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ညောင်ဦးမြို့၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး

**ညောင်ဦး စက်တင်ဘာ ၂၃**

ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ်ကို ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း (မြို့မ)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။





## ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းက သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသူများက အသိပညာပေး အစီအစဉ်များနှင့် လက်တွေ့ရှင်းလင်းပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက လက်တွေ့ပါဝင်သရုပ်ပြမှုများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

# ဒေါပုံမြို့နယ်၌ စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုပြိုင်ပွဲများ ကျင်းပ

**ဒေါပုံ စက်တင်ဘာ ၂၃**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏ်စမ်းနှင့်



ဂိမ်းကစားနည်းပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဒေါပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက စာဖတ်ရိုန်မြှင့်တင်ရေးဆိုင်ရာအကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနည်းပညာသင်တန်းများကို စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း Level – 1 တွင် (Certificate in Rice Processing Technology)နှင့် Level – 2 တွင် (Higher Certificatein Rice Pro-cessing Technology) တို့ကို သင်ကြားပို့ချမည်ဖြစ်သည်။ GTHS, GTI သင်ကြားတက်ရောက်ခဲ့သူများ စက်မှု၊ လျှပ်စစ်အင်ဂျင်နီယာပညာ သင်ကြားခဲ့သူများ၊ GTHS နှင့် AGTI ဘွဲ့ရများ၊ ဆန်စက်များနှင့် ကုန်ထုတ်စက်ရုံများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများအား ဝင်ခွင့်အရည်အချင်းစစ်ဆေးသည့်စနစ်ဖြင့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်လက်ခံသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ Level –1 အတွက် သုံးလနှင့် Level – 2 အတွက် လေးလဖြစ်၍ သင်တန်းကြေးအခမဲ့ဖြစ်ကာ သင်တန်းပြီးဆုံးပါက အသိအမှတ်ပြု Certificate နှင့် Higher Certificate တို့ကို ထုတ်ပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် လျှောက်လွှာပုံစံကို www.myanmarricefederation.org တွင် ရယူပြီး၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မော်လမြိုင်ကျွန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃**

မော်လမြိုင်ကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆီနှင့် ကြက်ဥများအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို ယနေ့နံနက် ၈ နာရီက အမှတ် (၇)ရပ်ကွက် (၁၃)လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင် ဆောင်ရွက်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တိုင်းရင်းဆေးဦးစီးဌာနဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းပင်စင်စားများကို သွေးပေါင်ချိန်ခြင်း၊ ဆီးချိုသွေးချိုစစ်ပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်များစစ်ပေးခြင်း၊ အထွေထွေရောဂါလူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်နှင့် တာဝန်ရှိသူများက ဆန်၊ ဆီနှင့်ကြက်ဥများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

**ရဲကိုမောင် (ပြန်/ဆက်)**



# စေတုတ္တရာမြို့၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေး

**စေတုတ္တရာ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာ မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးဌာနနှင့်ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကိုကိုဇင်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက KG တန်း ကျောင်းသား ကျောင်းသူများ အား အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



# ကလောမြို့နယ်၌ ကျန်းမာရေးအသိပညာပေး

**ကလော စက်တင်ဘာ ၂၃**

ကလောမြို့နယ် မြင်းမထိကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးအသိပညာပေး ဆောင်ရွက်သည်။

ဦးစွာ ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာခိုင်စုစုညိမ်းနှင့် ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးခြင်း၊ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်၊ ဘေးကင်းသော အစားအစာများစားသောက်ခြင်း၊ အာဟာရမျှတစွာ ချက်ပြုတ်စားသောက်ခြင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများအကြောင်း၊ ကျားဖြန့်လိမ်လည်ခြင်းအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ၁၅ နှစ်အောက် သံဃာတော်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Shwe Zabu River View Complex , 23G-1 ,No.3B, Tower (A) Penthouse-01&02 , Strand Road,Ahlone Township, Yangon, Myanmar, Tel : (+951)2301731 , Email : info@mtshmyanmar.com

## ၁၉-၀၉-၂၀၂၅ နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၂၄-၂၅ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့်အမြတ်ဝေစုများအား ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်

၁။ Record Date ၁၂-၀၈-၂၀၂၅ တွင် Securities Account ၌ အစုရှယ်ယာစာရင်းဝင်နေသည့် အစုရှယ်ယာရှင် များသည် (၂၆-၀၉-၂၀၂၅) မှစတင်၍ သက်ဆိုင်ရာ Securities Company များတွင် အမြတ်ဝေစုများကို ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

၂။ ၁၂-၀၈-၂၀၂၅ နေ့နှင့် နောက်ပိုင်းမှ Securities Account ဖွင့်လှစ်ထားသူများ နှင့် Securities Account မဖွင့်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် MTSH မှတစ်ဆင့် မိမိတို့ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အလိုက် ခွဲဝေပေးမည့်အမြတ်ဝေစု ပမာဏကို(၂၆-၀၉-၂၀၂၅) မှစတင်၍ ထုတ်ယူ ရပါမည်။

၃။ ထိုသို့ထုတ်ယူရာတွင် အစုရှယ်ယာရှင်များအနေဖြင့် MTSH ၏ IR ဌာနသို့ ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူရန် စာရင်းပေးရမည်ဖြစ်ပြီး ထုတ်ယူရမည့်ရက်ကို MTSH မှ ပြန်လည်အကြောင်းကြား ပေးသွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၁-၂၃၀၁၇၃၁ ၊ ၀၁-၂၃၀၁၇၄၁ ၊ ၀၁-၂၃၀၁၈၈၄ ၊ ၀၁-၂၃၀၁၈၈၅ ၊ ၀၁-၂၃၀၁၈၅၃**
**ဆက်သွယ်ရမည့်လိပ်စာ - မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) အစုရှယ်ယာဌာန၊ ရွှေဇဗ္ဗူရေးဗားဗျူးကွန်းပလပ်(စ်)၊ ၂၃ဂျီ-၁၊ အမှတ်၃-ဘီ၊ တာဝါ(အေ)၊ (၉)ထပ်(အပေါ်ဆုံးထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

အစုရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစုထုတ်ယူသည့်အခါ အောက်ပါအတိုင်း လိုအပ်သည့် စာရွက် စာတမ်းများကို ပြည့်စုံစွာ ယူဆောင်လာရမည် ဖြစ်ပါသည်။

**၁။ အစုရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစု ထုတ်ယူရာတွင် ကိုယ်တိုင် ထုတ်ယူသူများအတွက် အောက်ပါ စာရွက်စာတမ်းများ လိုအပ်ပါသည် _**

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၂-၀၈-၂၀၂၅ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း

**၂။ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုကို ကိုယ်တိုင်ထုတ်ယူရန် အခက်အခဲရှိသဖြင့် ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည်_**

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၂-၀၈-၂၀၂၅ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်မူရင်း

(ဂ) အစုရှယ်ယာရှင်များမှ အမြတ်ဝေစုထုတ်ယူရန် ကိုယ်စားလှယ်လွှဲအပ်စာမူရင်း

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

**၃။ အစုရှယ်ယာသက်သေခံလက်မှတ်ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်မဟုတ်ဘဲ အသင်းအဖွဲ့/ကုမ္ပဏီများဖြစ်ပါက အောက်ပါ စာရွက်စာတမ်းများ လိုအပ်ပါသည်။**

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၂-၀၈-၂၀၂၅ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အသင်းအဖွဲ့/ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် P.O ထုတ်ယူရန် ကိုယ်စားလှယ် လွှဲစာမူရင်း

(ဂ) ကုမ္ပဏီလိုင်စင်မူရင်း (မိတ္တူဖြစ်ပါက မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိရပါမည်)

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့်အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံပေးဆောင်ရန် မလိုကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၄)၊ မြေကွက်အမှတ် (၂၈၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးမူတူး (TTN- ၁၂၃၃၂၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုင်းဇော်မြင့် (ခ) ရန်အောင် (၁၃/သပန (ပြု) ၀၀၀၂၈၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အင်္ဂလိပ်ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 3R/9754 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဒေါ်ဝုန်လမ့်ဇမ်း ၅/ကလထ (နိုင်)၀၀၁၁၉၈၏ နိုင်ငံကူး လက်မှတ်သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၁၂၇၁၈၇၉

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ IBEC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်စိုင်းစိုင်း၏ ဖခင် အမည်မှန်မှာ ဦးတက်နေလင်း ဖြစ်ပါကြောင်း။

ဦးတက်နေလင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်နေ ဦးစိုးကျော်နိုင်မှ ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် ၁/(ပိတောက်မြိုင်)၊ ဦးပိုင်အမှတ်(၁၀၉၂)၊ ဧရိယာ(၀ဒသမ၂၆၄)ကေရှိ မြေအား လူနေထိုင်ရန်အတွက် ပုဂ္ဂလိကမြေငှားဂရန် ချထားပေးပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ (ရုံးချိန်)အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲ မြေယာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အုပ်ချုပ်ရေးမှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျွန်းလှမြို့

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ် လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ ပေါင်းလောင်းနှင့် ရဲရွာဓာတ်အားပေးစက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရန်ပစ္စည်း(၂)မျိုးအား Tender No. 43(T-RE)/EPGE(REHP)/2025-2026 (DDP At Site) မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ ခေါ်ဆိုမည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီနောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၉-၂၀၂၅ ရက်မှ ၈-၁၀-၂၀၂၅ ရက်အထိ

၄။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၁၀-၂၀၂၅ရက်၊ (၁၃:၀၀)နာရီ

၆။ **တင်ဒါရောင်းချမည့်နေရာ/လက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၇။ တင်ဒါပုံစံအားဝန်ကြီးဌာန Web -Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉- ၄၄၈၅၃၃၈၉၄**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မင်းဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွာသာယာမှ Grade-11 သင်ဆဲ မအင်ကြင်းခိုင်၏ ဖခင် ဦးဇော်ဝင်းလတ် အမည်မှန်မှာ ဦးဝင်းလတ် ၈/မဘန(နိုင်)၀၇၂၈၈၈ ဖြစ်ပါကြောင်း။

ဦးဝင်းလတ်

## ဖခင်အမည်မှန်

မကွေးမြို့ IBS ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 တွင် ပညာသင်ကြားနေသော မောင်အောင်ကိုခန့် ၈/မလန(နိုင်)၁၅၄၂၈၀ ၏ ဖခင် ဦးကြည်ရ ၏ အမည်မှန်မှာ ဦးကြည်ယ ၁၃/နမတ(နိုင်)၀၀၇၃၈၇ ဖြစ်ပါကြောင်း။

ဦးကြည်ယ

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ အကွက်အမှတ်(၆-က)၊ လမ်းမကျယ်၊ ဦးပိုင်အမှတ်(၁၉၈-င)၊ ဧရိယာ(၀.၀၄၇)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်- (က) အရှေ့လားသော်-ဦးပိုင်(၁၉၉)၊(ခ)အနောက်လားသော်-ဦးပိုင်(၁၉၈-ဃ)၊ (ဂ) တောင်လားသော်- (ဂ)လမ်း၊ (ဃ)မြောက်လားသော်-ဦးပိုင်(၁၆၀ + ၁၅၉ - ခ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးစိုးမင်း၊ ဒေါ်သက်မာဝင်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၁၄၂)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ကေရှိ ဦးစည်သူဌေး(ခ)ဇော်သူအောင်(ဘ)ဦးသန်းဌေး ၇/ပတန(နိုင်)၀၀၀၅၉၈၊ ဒေါ်ပိုးအိဖြူ(ဘ)ဦးအိုက်န္တဲ့ ၁၂/မရက(နိုင်)၁၃၉၈၇၄ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးစည်သူဌေး(ခ)ဇော်သူအောင်၊ ဒေါ်ပိုးအိဖြူ မှ ဦးဖြိုးဇော်အောင်(ဘ)ဦးယော်ကြားစိန် ၁၃/တကန(နိုင်)၂၈၆၀၅၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၃)၊ ပုလဲလမ်းတွင်တည်ရှိသော ကွင်း /အကွက်အမှတ်(၈၁/စောစီရွာ)၊ ဦးပိုင်အမှတ်(၄၉/ခ)၊ မြေကွက်အမှတ်(15/99)၊ ဧရိယာ(၀.၁၀၅)ကေရှိ (ဂရန်အမှတ်-၃၀/၂၀၂၂) ဦးကြည်တင်(ခ)ကြည်သိန်း အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကြည်တင်(ခ)ကြည်သိန်း(၁၃/တကန(နိုင်)၀၅၈၄၄၀)က ၎င်းတရားဝင်ပိုင်ဆိုင် ရောင်းဝယ်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခွန်ထွန်းလှ(၁၃/တကန(နိုင်)၂၃၂၇၃၁)မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဆွိခင်ခင်(စဉ်- ၄၅၈၀၆)
အထက်တန်းရှေ့နေ (LL.B)
ဖုန်း-၀၉-၇၉၄၈၈၅၉၆၃)
၁/၁၅၊ ပညာဗောဓိလမ်းသွယ်(၆)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များတွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ PhD၊ MEd၊ BEd(ပဥ္စမနှစ်) ၂၀၁၇ အောင်(Direct)၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၂၂) အောင်(COE)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၄၀)၊ BEd(စာပေးစာယူ) အမှတ်စဉ်(၄၁)၊ BEd(စာပေးစာယူ) ပညာရေးဒီဂရီကောလိပ်များမှ ၃/၂၃၊ ၄/၂၃၊ MA(TEFL)၊ Dip(ECCD) အမှတ်စဉ်(၅) သင်တန်း ၊ Dip(ELTM) သင်တန်း၊ (PGDip.Eng) Batch(1) နှင့် (PGDip.Eng) Batch(2) တို့တွင် ဖြေဆိုအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့** - ၂၄-၁၀-၂၀၂၅(သောကြာနေ့) မှ ၃၁-၁၀-၂၀၂၅ (သောကြာနေ့)ထိ

**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

**ကျင်းပမည့်အချိန် - ၂၄-၁၀-၂၀၂၅(သောကြာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Epsy) (၂၀၂၄ ခုနှစ် ဒီဇင်ဘာလ)၊ MEd (Meth)(PM) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၂၂) အောင် (COE) (၂၀၂၄ ခုနှစ် နိုဝင်ဘာလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) မြန်မာစာ အားလုံး ၊ အင်္ဂလိပ်စာအားလုံး နှင့် Dip(ECCD) (၂၀၂၅ ခုနှစ် ဇူလိုင်လ)

**ကျင်းပမည့်အချိန် - ၂၄-၁၀-၂၀၂၅(သောကြာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

PhD(Ethe)(၂)ဦး (၂၀၂၅ ခုနှစ် မေလ) နှင့် PhD(Ethe)(၁)ဦး(၂၀၂၅ ခုနှစ် ဇူလိုင်လ) ၊ MEd (Epsy) (ETM) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) ရူပဗေဒအားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ မြန်မာစာ (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် Dip(ELTM) (၂၀၂၅ ခုနှစ် မေလ)

**ကျင်းပမည့်အချိန် - ၂၅-၁၀-၂၀၂၅(စနေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Epsy)(၂)ဦး နှင့် PhD(Epsy) Res(၁)ဦး (၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ)၊ MEd (PE) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd(ပဥ္စမနှစ်) ၂၀၁၇ အောင် (Direct) (၂၀၂၄ ခုနှစ် နိုဝင်ဘာလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) ပထဝီဝင်အားလုံး ၊ ဘောဂဗေဒအားလုံး နှင့် BEd (စာပေးစာယူ) ၃/၂၃ အင်္ဂလိပ်စာ (ပညာရေး ဒီဂရီကောလိပ်အားလုံး)

**ကျင်းပမည့်အချိန် - ၂၅-၁၀-၂၀၂၅(စနေနေ့)မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

MEd (Ethe) (EAS) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ် (၄၀) သမိုင်းအားလုံး ၊ BEd (စာပေးစာယူ) ၃/၂၃ ရူပဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် ဘောဂဗေဒ (ပညာရေးဒီဂရီကောလိပ် အားလုံး)

**ကျင်းပမည့်အချိန် - ၂၆-၁၀-၂၀၂၅(တနင်္ဂနွေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Meth) (၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ)၊ MEd (Epsy) (GC) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) ဓာတုဗေဒအားလုံး၊ သင်္ချာ အားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ ဇီဝဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် MA(TEFL) (၅)ဦး (၂၀၂၄ ခုနှစ် ဩဂုတ်လ)နှင့် MA(TEFL) (၇)ဦး (၂၀၂၅ ခုနှစ် ဇူလိုင်လ)

**ကျင်းပမည့်အချိန် - ၂၆-၁၀-၂၀၂၅(တနင်္ဂနွေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

MEd (Epsy) (ES) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) ၃/၂၃ ဓာတုဗေဒ(ပညာရေးဒီဂရီ ကောလိပ်အားလုံး) နှင့် ပထဝီဝင် (ပညာရေးဒီဂရီ ကောလိပ်အားလုံး)

**ကျင်းပမည့်အချိန် - ၂၇-၁၀-၂၀၂၅(တနင်္လာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

MEd (Epsy) (CP) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ် (၄၀)ဇီဝဗေဒအားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ သင်္ချာ(ပညာရေးဒီဂရီကောလိပ် အားလုံး) နှင့် (PGDip.Eng) Batch(1) (၂၀၂၅ ခုနှစ် ဧပြီလ)

**ကျင်းပမည့်အချိန် - ၂၇-၁၀-၂၀၂၅(တနင်္လာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) ၃/၂၃ သမိုင်း (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် BEd (စာပေးစာယူ) ၄/၂၃ ဓာတုဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)

**ကျင်းပမည့်အချိန် - ၂၈-၁၀-၂၀၂၅(အင်္ဂါနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) မြန်မာစာ အမှတ်စဉ်(၁ မှ ၅၀၀)ထိ၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) အင်္ဂလိပ်စာအားလုံး နှင့် BEd (စာပေး စာယူ) ၄/၂၃ ဘောဂဗေဒ (ပညာရေးဒီဂရီကောလိပ် အားလုံး)

**ကျင်းပမည့်အချိန် - ၂၈-၁၀-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) မြန်မာစာ အမှတ်စဉ် (၅၀၁ မှ ၆၀၀) ထိ၊ BEd (စာပေးစာယူ) ၄/၂၃ ပထဝီဝင် (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် (PGDip.Eng) Batch(2) (၂၀၂၅ ခုနှစ် ဩဂုတ်လ)

**ကျင်းပမည့်အချိန် - ၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) သင်္ချာအားလုံး နှင့် BEd (စာပေး စာယူ) ၄/၂၃ သမိုင်း (ပညာရေးဒီဂရီကောလိပ်အားလုံး)

**ကျင်းပမည့်အချိန် - ၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ပထဝီဝင်အားလုံး နှင့် BEd (စာပေး စာယူ) ၄/၂၃ မြန်မာစာ (ရန်ကင်း၊ သင်္ကန်းကျွန်း၊ လှည်းကူး၊ တောင်ငူ၊ မြောင်းမြ ၊ ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်များ)

**ကျင်းပမည့်အချိန် - ၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ရူပဗေဒအားလုံး နှင့် BEd (စာပေး စာယူ) ၄/၂၃ မြန်မာစာ (ပြည်၊ ပုသိမ်၊ ဘိုကလေး၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ် ပညာရေးဒီဂရီကောလိပ်များ)

**ကျင်းပမည့်အချိန် - ၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ဓာတုဗေဒအားလုံး၊ ဇီဝဗေဒအားလုံး နှင့် BEd (စာပေးစာယူ) ၄/၂၃ ရူပဗေဒ(ပညာရေးဒီဂရီကောလိပ်အားလုံး)

**ကျင်းပမည့်အချိန် - ၃၁-၁၀-၂၀၂၅(သောကြာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) သမိုင်းအားလုံး ၊ ဘောဂဗေဒ အမှတ်စဉ် (၁ မှ ၄၆)ထိ နှင့် BEd (စာပေးစာယူ) ၄/၂၃ သင်္ချာ(ပညာရေးဒီဂရီကောလိပ် အားလုံး)

**ကျင်းပမည့်အချိန် - ၃၁-၁၀-၂၀၂၅(သောကြာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ဘောဂဗေဒ အမှတ်စဉ် (၄၇ မှ ၈၆) ထိ၊ BEd (စာပေးစာယူ) ၄/၂၃ အင်္ဂလိပ်စာ(ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် ဇီဝဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)

**အစမ်းလေ့ကျင့်မည့်ရက် - ၁၈-၁၀-၂၀၂၅(စနေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Epsy) (၂၀၂၄ ခုနှစ် ဒီဇင်ဘာလ)၊ PhD(Ethe)(၂)ဦး (၂၀၂၅ ခုနှစ် မေလ) နှင့် PhD(Ethe) (၁)ဦး(၂၀၂၅ ခုနှစ် ဇူလိုင်လ)၊ MEd (Meth)(PM) (၂၀၂၅ ခုနှစ်၊ မေလ)၊ MEd (Epsy) (ETM) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd(ပဥ္စမနှစ်) အမှတ်စဉ်(၂၂) အောင် (COE) (၂၀၂၄ ခုနှစ် နိုဝင်ဘာလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) မြန်မာစာအားလုံး ၊ အင်္ဂလိပ်စာအားလုံး၊ ရူပဗေဒအားလုံး၊ ပထဝီဝင်အားလုံး၊ ဘောဂဗေဒ အားလုံးနှင့် Dip(ECCD) (၂၀၂၅ ခုနှစ် ဇူလိုင်လ)

**အစမ်းလေ့ကျင့်မည့်ရက် - ၁၈-၁၀-၂၀၂၅(စနေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

PhD(Meth) (၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ)၊ MEd (Ethe)(EAS) (၂၀၂၅ ခုနှစ်၊ မေလ)၊ MEd (PE) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd(ပဥ္စမနှစ်) ၂၀၁၇ အောင် (Direct) (၂၀၂၄ ခုနှစ် နိုဝင်ဘာလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) ဓာတုဗေဒအားလုံး၊ သမိုင်းအားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ မြန်မာစာ (ပညာရေးဒီဂရီ ကောလိပ်အားလုံး) နှင့် Dip(ELTM) (၂၀၂၅ ခုနှစ် မေလ)

**အစမ်းလေ့ကျင့်မည့်ရက် - ၁၉-၁၀-၂၀၂၅(တနင်္ဂနွေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Epsy)(၂)ဦး နှင့် PhD(Epsy) Res(၁)ဦး (၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ)၊ MEd (Epsy) (GC) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၀) သင်္ချာအားလုံး၊ ဇီဝဗေဒအားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ အင်္ဂလိပ်စာ (ပညာရေးဒီဂရီကောလိပ်အားလုံး)၊ သင်္ချာ (ပညာရေးဒီဂရီကောလိပ်အားလုံး) နှင့် (PGDip.Eng) Batch(1) (၂၀၂၅ ခုနှစ် ဧပြီလ)

**အစမ်းလေ့ကျင့်မည့်ရက် - ၁၉-၁၀-၂၀၂၅(တနင်္ဂနွေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

MEd (Epsy) (ES) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) ၃/၂၃ ရူပဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)၊ ဇီဝဗေဒ(ပညာရေးဒီဂရီကောလိပ်အားလုံး)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) မြန်မာစာ အမှတ်စဉ် (၁ မှ ၅၀၀)ထိ နှင့် MA(TEFL) (၅)ဦး (၂၀၂၄ ခုနှစ် ဩဂုတ်လ)နှင့် MA(TEFL) (၇)ဦး (၂၀၂၅ ခုနှစ် ဇူလိုင်လ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၀-၁၀-၂၀၂၅(တနင်္လာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

MEd (Epsy) (CP) (၂၀၂၅ ခုနှစ်၊ မေလ)၊ BEd (စာပေးစာယူ) အမှတ်စဉ် (၄၁) မြန်မာစာ အမှတ်စဉ် (၅၀၁ မှ ၆၀၀)ထိ၊ သင်္ချာအားလုံး၊ BEd (စာပေးစာယူ) ၃/၂၃ ဓာတုဗေဒ(ပညာရေးကောလိပ်အားလုံး)၊ သမိုင်း (ပညာရေးဒီဂရီကောလိပ် အားလုံး) နှင့် ဘောဂဗေဒ(ပညာရေးဒီဂရီကောလိပ်အားလုံး)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၀-၁၀-၂၀၂၅(တနင်္လာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) ၃/၂၃ ပထဝီဝင်(ပညာရေးဒီဂရီကောလိပ်အားလုံး)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ဓာတုဗေဒအားလုံး၊ BEd (စာပေးစာယူ) ၄/၂၃ အင်္ဂလိပ်စာ(ပညာရေးဒီဂရီကောလိပ် အားလုံး) နှင့် မြန်မာစာ (ရန်ကင်း၊ သင်္ကန်းကျွန်း၊ လှည်းကူး၊ တောင်ငူ၊ မြောင်းမြ ၊ ကျောက်ဖြူ ပညာရေးဒီဂရီ ကောလိပ်များ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၁-၁၀-၂၀၂၅(အင်္ဂါနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) အင်္ဂလိပ်စာအားလုံး၊ ဘောဂဗေဒ အားလုံး၊ BEd (စာပေးစာယူ) ၄/၂၃ မြန်မာစာ (ပြည်၊ ပုသိမ်၊ ဘိုကလေး၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ် ပညာရေးဒီဂရီကောလိပ်များ) နှင့် ဇီဝဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၁-၁၀-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ပထဝီဝင်အားလုံး၊ ဇီဝဗေဒအားလုံး နှင့် BEd (စာပေးစာယူ) ၄/၂၃ သမိုင်း(ပညာရေးဒီဂရီကောလိပ်အားလုံး)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၂-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) သမိုင်းအားလုံး၊ BEd (စာပေးစာယူ) ၄/၂၃ ဓာတုဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)၊ ရူပဗေဒ (ပညာရေးဒီဂရီ ကောလိပ်အားလုံး) နှင့် (PGDip.Eng) Batch(2) (၂၀၂၅ ခုနှစ် ဩဂုတ်လ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၂-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

BEd (စာပေးစာယူ) အမှတ်စဉ်(၄၁) ရူပဗေဒအားလုံး၊ BEd (စာပေးစာယူ) ၄/၂၃ သင်္ချာ (ပညာရေးဒီဂရီကောလိပ်အားလုံး)၊ ပထဝီဝင် (ပညာရေးဒီဂရီ ကောလိပ်အားလုံး)နှင့် ဘောဂဗေဒ (ပညာရေးဒီဂရီကောလိပ်အားလုံး)

**မှတ်ချက်။**
(၁) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်ထက် နောက်(၁)လ ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၂) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီအင်္ကျီနှင့် တိုင်းရင်းသား ဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။
(၃) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၁၆.၁၀.၂၀၂၅) (ကြာသပတေးနေ့)မှ စတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။
(၄) အသေးစိတ်ကို ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

---

### ဖခင်အမည်မှန်
ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12တွင် ပညာသင်ကြားနေသော မအိမ့်နိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် (၉/အမရ(နိုင်)၁၂၆၂၂၃) ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးသော်ဇင်အောင် ၈/နမန(နိုင်)၁၄၅၂၃၉ ၏ မိခင် ဒေါ်ခင်အေးအေးဝင်းနှင့် ဒေါ်အေးအေးဝင်း ၈/မကန(နိုင်) ၀၇၉၇၄၇ ဖြစ်ပါကြောင်း။
**ဒေါ်ခင်အေးအေးဝင်း(ခ)**
**ဒေါ်အေးအေးဝင်း**

### အမည်မှန်
ဦးအောင်သန်းဝင်း၏ သား မကွေးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်ဘုန်းမြင့်ကို၏ အမည်မှန်မှာ မောင်ဘုန်းမြင့်ကိုကို ၈/မကန(နိုင်)၃၅၃၄၂၅ ဖြစ်ပါကြောင်း။
**မောင်ဘုန်းမြင့်ကိုကို**

### ဖခင်အမည်မှန်
အထက(၁)၊ လယ်ဝေး G-12မှ မောင်ရဲမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးနန္ဒာလင်း ၉/လဝန(နိုင်) ၁၃၀၂၈၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ I School ကိုယ်ပိုင်ကျောင်း Grade-12 အတန်းမှ ကျောင်းသူ မအင်ကြင်းခင်၏ ဖခင်ဦးတင့်လွင်၏ အမည်မှန်မှာ ဦးတင့်လွင်ဦး ၁၂/လကန(နိုင်)၀၄၁၅၉၁ ဖြစ်ပါကြောင်း။ **ဦးတင့်လွင်ဦး**
**၁၂/လကန(နိုင်) ၀၄၁၅၉၁**

### ဖခင်အမည်မှန်
လေးမျက်နှာမြို့၊ အထက Grade-12(C)မှ မအေးဇင်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးမြင့်ထွန်း ၁၄/လမန(နိုင်) ၀၆၆၆၄၄ ဖြစ်ပါကြောင်း။
**ဦးမြင့်ထွန်း**
**၁၄/လမန(နိုင်) ၀၆၆၆၄၄**

### ပြင်ဆင်ဖတ်ရှု
၇-၉-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၊စာမျက်နှာ(၃၀)ပါ တရားလွှတ်တော်ရှေ့နေ၊ ဦးကျော်မိုးအောင်၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် မကွေးမြို့၊ အောင်မေတ္တာ(က) ရပ်ကွက် အစား အောင်မေတ္တာ(ဂ) ရပ်ကွက်၊ (၇)လမ်း၊ မြေကွက်အမှတ် (၇၀၈)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အ-ထ-က (မလွန်)၊ Grade-12 မှ မယွန်းနဒီထွန်း၏ ဖခင်ဦးမြဆန်း၏ အမည်မှန်မှာ ဦးမြစန်း (၈/မကန(နိုင်)၀၉၁၆၇၂) ဖြစ်ပါကြောင်း။
**ဦးမြစန်း**

### မိဘအမည်မှန်
လေးမျက်နှာမြို့၊ အထက Grade-12(B)မှ မောင်နေမြတ်မင်း၏ မိဘအမည်မှန်မှာ ဦးအောင်ထွန်းနိုင် ၁၄/ လမန(နိုင်)၀၆၅၄၇၂ နှင့် ဒေါ်ဖြူဖြူအောင် ၁၄/ လမန(နိုင်)၁၀၁၄၃၀ ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်းနိုင်**
**၁၄/ လမန(နိုင်)၀၆၅၄၇၂**
**ဒေါ်ဖြူဖြူအောင်**
**၁၄/ လမန(နိုင်)၁၀၁၄၃၀**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ လူနေရပ်ကွက်အမှတ်( ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၉၂၄)၊ မြေအကျယ်အဝန်း(၆၀ပေx၄၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်( ၉၂၅)နှင့်ကပ်လျက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဇော်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးဇော်ဇော်နိုင် (၇/နတလ(နိုင်)၀၉၄၃၇၅)က မိမိသာလျှင် တရားဝင်လက်ဝယ်ဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေယုဆွေ(၈/မကန(နိုင်)၀၁၄၀၂၉)က အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကုမုဒြာလမ်း၊ မြေကွက်အမှတ် (၉၈၇)၊ (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(အမှတ်-၉၈၆နှင့် ကပ်လျက်ခြမ်း)ဖြစ်သည့် အမှတ်(၉၈၇/ခ)၊ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နှင်းသီတာ(၇/တငန(နိုင်)၁၀၁၃၆၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မိတ္တူ အဆက်စပ်စာချုပ်စာတမ်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းဆီ (၁၂/ဥကမ(နိုင်)၀၇၈၁၇၃)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်စန်းစန်းရီ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး- ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

### ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၆၆၈)၊ ဂရုဏာ(၃)လမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်အေးအေးသိန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ပြုံးပြုံး ၁၂/ဥကတ(နိုင်) ၁၀၀၆၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၂၃၅)၊ အနော်မာ(၆)လမ်းအနောက်၊၁/အနော်မာရပ်ကွက်၊ သာကေတမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/စီ)၊ လူနေရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ် (၂၂)၊ အကျယ်အဝန်း(၂၅ပေx၆၃ပေ)ရှိ ဒေါ်ငွေတင် (၁၂/တမန(နိုင်) ၀၁၂၅၈၆)နှင့် ဦးစိန်မြင့် (၁၂/တမန(နိုင်) ၀၁၂၅၇၂) တို့ပူးတွဲ အမည်ပေါက်ထဲမှ ဦးစိန်မြင့် ပိုင်ဆိုင်သည့် အစုဖြစ်သော အကျယ်အဝန်း (၁၂ပေခွဲx၆၃ပေ)ရှိ မြေကွက်(မြေပိုင်ဆိုင်မှုအပါအဝင်)နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၁)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲx၆၀ပေ)ရှိ တိုက်ခန်းတို့အား ဖခင် ဦးစိန်မြင့်နှင့်မိခင်ဖြစ်သူတို့ကွယ်လွန်သွားပြီးနောက် အမွေဆက် ခံပိုင်ဆိုင်ခွင့်ရှိကြသူ သားသမီးများဖြစ်ကြသော ၁။ (ဒေါ်လှလှအေး) ကိုယ်စား ဒေါ်နှင်းအိခိုင် (၁၂/တမန(နိုင်)၀၉၆၇၁၂)၊ ၂။ ဒေါ်နုနုအေး (၁၂/တမန(နိုင်)၀၁၆၇၁၅)၊ ၃။ ဦးညဏ်ဝင်း (၁၂/ဥကမ(နိုင်)၀၉၂၄၈၀)၊ ၄။ ဦးညဏ်မင်း (၁၂/တမန(နိုင်) ၀၁၂၄၉၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
